mgyoe.com

SAMPLE BOOK

မြန်မာသမိုင်း လစ်ကွက်များ

ဒေါက်တာသန်းထွန်း

(အင်္ဂလိပ် - မြန်မာ)

Missing Links In Myanma Chronicle

Dr. Than Tun

ဒုတိယအကြိမ်

mgyoe.com

mgyoe.com SAMPLE BOOK

လန်ဒန်တက္ကသိုလ်မှာ ၁၉၅၂–၁၉၅၆ ကာလက ပါရဂူဘွဲ့အတွက် ပုဂံခေတ် *မြန်မာ ဗုဒ္ဓသာသနာဝင်ကျမ်း*ကို ကျွန်တော် ရေးသား တင်သွင်းတဲ့အခါ ကျောက်စာတစ်မျိုးတည်းကို အခြေခံ အထောက်အထားအနေနဲ့ သုံးတယ်။ အဲဒီအခါ ဆင်ကြီးလို့ တင်စားခေါ်တဲ့၊ အပေါ်မှာ ရေးပြတဲ့ ကျောက်စာ စာအုပ်ကြီး ခြောက်အုပ်ကို အထင်သေးလို့ လုံးဝ မသုံးပါ။ အဲဒီလို ခပ်တင်းတင်း သဘောထားရာက မူလထိုးတွေ စစ်အတွင်းက ပျောက်ပျက်တာတွေ၊ အစကပဲ ပျောက်တာတွေအစား၊ ဆင့်ထိုး၊ စပ်ထိုးလည်း သုံးနိုင်သလောက် သုံးကြည့်သင့်တယ်လို့ သဘောပေါက်တာ သိပ်မကြာသေးပါ။ ဒီလိုနဲ့ အခု ဒီစာအုပ်မှာပါတဲ့ အကြောင်းအချက်တွေဟာ တစ်ခါက ကျွန်တော် ပယ်ခဲ့တဲ့ မြန်မာပဏ္ဍိတ်တွေကို ဂုဏ်ပြု တောင်းပန်တဲ့အနေနဲ့ ရေးသားတာ ဖြစ်ပါတယ်။

သန်းထွန်း

9 248480 502954

ABZ,2022

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ဒေါက်တာသန်းထွန်း (၁၉၂၃–၂၀၀၅)
အတ္ထုပ္ပတ္တိအကျဉ်း

၁၉၂၃ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ပုသိမ်ခရိုင်၊ ငါးသိုင်းချောင်းမြို့နယ်၊ ငဝန်မြစ်အနောက်ဘက်ကမ်း၊ ဒေါင့်ကြီးရွာ၌ အဘဦးဘိုးတွေ၊ အမိဒေါ်သင်တို့မှ ဖွားမြင်။ ငယ်မည် သန်းထွန်း။ သားသမီး ၅ ယောက်အနက် ဒုတိယသား။

၁၉၃၈ ခုနှစ်၊ မတ်လတွင် ငါးသိုင်းချောင်း အမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်းအောင်။ အသက် ၁၅ နှစ်ပဲ ရှိတာကြောင့် တက္ကသိုလ်တက်ခွင့် ၁ နှစ် စောင့်ရ။

၁၉၃၉ ခုနှစ်၊ ဩဂုတ်လတွင် ရန်ကုန် ယူနီဗာစတီ၌ စတင် ပညာသင်ကြား။

၁၉၄၁ ခုနှစ်၊ မတ်လတွင် အိုင်အေ(ဝိဇ္ဇာ၊ အောက်တန်း)အောင်။

၁၉၄၂ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာ၊ ရွာပြန်။ ဂျပန်ခေတ်တွင် ဖခင်၏တိုက်တွန်းမှုဖြင့် ငါးသိုင်းချောင်း ဘုရားကြီးတိုက် ဦးဉာဏိဿရထံ၌ ဇာတာဖွဲ့နည်း၊ ပြက္ခဒိန် လုပ်နည်း၊ နေကြတ်၊ လကြတ်၊ အာယုဒါယ၊ နက္ခတ် စသည် သင်သည်။ သကြိန်စာ ရေးသား၍ ထုတ်ဝေခွင့်ရပြီး ပုံနှိပ်ပြီးချိန်တွင် ဗုံးကျသည့်အထဲ ပါသွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၁၉၄၃ ခုနှစ်၊ ငါးသိုင်းချောင်း၊ အာရှလူငယ် အတွင်း ရေးမှူးအဖြစ် ဆောင်ရွက်။

၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်၊ ကွန်မြူနစ်ဝါဒကို လေ့လာ၊ ဖက်ဆစ်တော်လှန်ရေးအပြီး ငါးသိုင်းချောင်း ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့ လွတ် မြောက်ရေးအဖွဲ့ချုပ်(ဖတပလ)ရဲ့ ပထမဆုံး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်။

၁၉၄၆ ခုနှစ်၊ မတ်လတွင် ဝိဇ္ဇာ (B.A) ဘွဲ့ရသည်။ ဇွန်လ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ်၊ သမိုင်းဌာနန္ဒ အချိန်ပိုင်း နည်းပြအဖြစ် စတင် အမှုထမ်း၊ ဝိဇ္ဇာ ဂုဏ်ထူး တန်း ဆက်တက်။

၁၉၄၇ ခုနှစ်၊ မတ်လတွင် ဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့ရ သည်။ ဇွန်လ ၁ ရက်တွင် အချိန်ပြည့်နည်းပြ ဖြစ်လာ။ အောက်တိုဘာတွင် ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ညီလာခံ၌ ဗကသ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရ။ ညီညီ (လင်းယုန်နီ) ထုတ်ဝေသူ အဖြစ် ဆောင်ရွက်သော 'ကျောင်းသားဟစ်တိုင်' စာစောင် တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့၌ မန္တလေး အမရပူရမြို့၊ တောင်သမန်အင်းစောင်းရှိ တောင်လေးလုံး ကျောင်းတိုက်တွင် ပြုလုပ်သည့် လူထုဒေါ်အမာ အသက် ၉၀ ပြည့်မွေးနေ့သို့ လာရောက်ဆင်နွှဲပြီး၊ နောက်တစ်နေ့ နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက် ၂ နာရီတွင် အသက် ၈၃နှစ်အရွယ်၌ သူချစ်မြတ်နိုးသော မန္တလေးတက္ကသိုလ် သမိုင်းဌာန အဆောက်အဦးအတွင်းမှာ နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၄၈၈

မြန်မာသမိုင်း လစ်ကွက်များ

ဒေါက်တာသန်းထွန်း
(မြန်မာ-အင်္ဂလိပ်)
B.A.(Hons.), M.A., B.L., Ph.D., D. Lit. (London)
အငြိမ်းစား သမိုင်းပါမောက္ခ၊ မန္တလေးတက္ကသိုလ်

Missing Links in Myanmar Chronicle

Dr. Than Tun

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅ ၉၄၈၊ ၀၉ ၂၅၄၈ ၄၈ ၀၄၈။

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

မြန်မာသမိုင်း လစ်ကွက်များ (မြန်မာ–အင်္ဂလိပ်)
ဒေါက်တာသန်းထွန်း
ဒုတိယအကြိမ်၊ နိုဝင်ဘာ၊ ၂၀၂၂။
ပထမအကြိမ်၊ နိုဝင်ဘာ၊ ၂၀၀၃ (မုံရွေးစာအုပ်တိုက်)။
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၆၀၀၀ ကျပ်

ထုတ်ဝေသူ ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက် (၀၀၂၉၀)၊ အမှတ် ၄၆၊ ၄၆လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** အဲ့ဘွယ်ဖင်၊ **ကွန်ပျူတာစာစီ** သရဖီ။

mgyoe.com

mgyoe.com SAMPLE BOOK

မာတိကာ

– မြန်မာသမိုင်း လစ်ကွက် ၇
၁။ မနူဟာကျောက်စာ ၁၁
၂။ ဒီသပြမုက်ကျောက်စာ (၁၂၈၅) သမိုင်းမှာ အရေးပါပုံ ၁၉
၃။ ဗဒုံမင်း ၂၇ အောက်တိုဘာ ၁၇၈၅ က
ဆင့်ထိုးထားခဲ့ပြီးမှ ပျောက်ဆုံးနေတဲ့
၁၀ စက်တင်ဘာ ၁၂၂၃ ရက်စွဲပါ
ကျောက်စာမူရင်းကို ပြန်လည်တွေ့ရှိခြင်း ၃၀
၄။ ရှေး မွန်ကျောက်စာပါ သမိုင်းအထောက်အထားများ ၅၀
၅။ အဝခေတ် ကျောက်စာပါ သမိုင်းအထောက်အထားများ ၉၆

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

အမှာ

ကျောင်း၊ ဘုရား၊ စေတီ၊ ဇရပ်၊ တန်ဆောင်း စတဲ့ သာသနာ့ အဆောက်အဦတွေ တည်ဆောက်တဲ့အခါ အလှူဒါယကာဖြစ်တဲ့ ရှင်ဘုရင်၊ မိဖုရား၊ အမှုးအမတ်၊ သူဌေးသူကြွယ်တွေက သူတို့ တည်ထားကိုးကွယ်တဲ့ အဆောက်အအုံတွေကို (သာသနာငါးထောင် ရှည်အောင် တည်တံ့ဖို့) အထောက်အပံ့ဆိုပြီး မြေတွေ၊ ကျွန်တွေ လှူတတ်ပါတယ်။ နှစ်တွေ ရာနဲ့ချီပြီး တော်တော်ကြာတော့ အဲဒီ ကျောင်းဘုရားတချို့ ပျက်စီးသွားပါတယ်။ အဲဒီအခါ (သာမည ပြောရရင်) ပိုင်ရှင် မရှိတဲ့ မြေတွေ၊ ကျွန်တွေ ဖြစ်ကုန်တယ်။ ကျွန်ကတော့ လူတွေကြားမှာ ပျောက်သွားတယ်။ တစ်ရပ်တစ်ကျေးကို ပြေးကြတယ်။ လယ်ကတော့ ပိုင်ရှင်မဲ့ဆိုပြီး ထင်ထင်ရှားရှားကျန်ရစ်တယ်။ ဒီတော့ ပိုင်ရှင်မရှိတဲ့ ပစ္စည်း သက်ရှိ၊ သက်မဲ့ကို ရှင်ဘုရင်က သိမ်းယူမှာ ဖြစ်ပါတယ်။ ဣစ္စာ (၁၂၃၅?–၁၂၄၉) က ၁၂၃၅ မှာ ဝတ္တကမြေကို သိမ်းတယ်။ နရသီဟပတေ့ (တရုတ်ပြေးမင်း ၁၂၅၆–၁၂၈၇) က ၁၂၅၅ မှာ သိမ်းတယ်။ သံဃာတွေက သာသနာ တည်သရွေ့ ဝတ္တကမြေကို ပိုင်ရှင်မဲ့လို့ သတ်မှတ်တာ မှားတယ်။ ပျက်

mgyoe.com

mgyoe.com SAMPLE BOOK

သွားတဲ့ ကျောင်းဘုရားနဲ့ နီးစပ်တဲ့ ကျောင်းဘုရား ထိန်းသိမ်းသူတွေက ဒီမြေကို ဆက်ထိန်းရပါတယ်။ ရှင်ဘုရင် သိမ်းရင်လည်း ပြန်လှူပါလို့ ပြောတဲ့အခါ ရှင်ဘုရင်ကလည်း 'ဟုတ်ပြီ'ဆိုပြီး ပြန်လှူပါတယ်။ တစ်မျိုး ပြောရရင် သာသနိကပစ္စည်းဟာ သာသနာတည်သရွေ့ 'ပိုင်ရှင်မဲ့' ဖြစ် သွားပြီလို့ မယူဆရပါ။ ဒီအတိုင်းဆိုရင် မှတ်တမ်းဟောင်းဖြစ်တဲ့ ကျောက် စာတွေကို စုပြီး ကျောင်းဘုရားမြေ မှန်ရင် ပြန်လှူရဖို့ ပဒုံမင်း (ဘိုးတော် ဘုရား ၁၇၈၂–၁၈၁၉) က အမိန့်တော် ပြန်တယ်။

> ၁၁၅၅ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက် (၂၄ ဇွန် ၁၇၉၃) နေ့ အရပ်ရပ် ကျောင်းဘုရား ကျောက်စာ ယိုယွင်းပျက်စီးသည် များကို အသစ်လုပ်စေ၍ လဲလှယ် စိုက်ထားတော်မူ၏။ (ကုန်း ဘောင်ဆက်၊ ၁၉၆၇ ပြန်ပုံနှိပ်၊ ၈၈)

ဘုရင့်အမိန့်တော်နဲ့ ကျောက်စာအသစ် လဲလှယ်ရတဲ့ အလုပ်ဟာ အင်မတန် ကြီးကျယ်သွားတယ်။ တွင်းသင်းတိုက်ဝန် မဟာဝန်စည်သူ (ဦးထွန်းညို) က ကြီးကြပ် ဆောင်ရွက်ရတယ်။ ဆောင်ရွက်တဲ့အခါ အဆင့် သုံးဆင့် ခွဲရပါတယ်။ ပထမက ကျောက်စာ ကြီးကြီး သေးသေး ရွှေမြို့တော် အမရပူရကို သယ်ယူရပါတယ်။ ပုထိုးတော်ကြီး ပရဝဏ် ထဲမှာ ထားတယ်။ အရေအတွက် ခြောက်ရာကျော်တော့မှ ထားစရာမရှိ ဖြစ်ပြီး ကျောက်တုံးအလိုက် သယ်ယူတာကို လက်မြှောက်ပြီး ပေပုရပိုက် နဲ့ ကူးယူခွင့်ရပါတယ်။ ကျောက်စာအဟောင်းကို 'မူလထိုး'လို့ ခေါ်ပါ တယ်။ ဒုတိယအဆင့်က 'မူလထိုး'ကို ကူးပြီး ကျောက်စာအသစ် ထိုးရ တယ်။ ကျောက်တုံးအသစ်မှာ ပြန်ထိုးရတာကို 'ဆင့်ထိုး'လို့ ခေါ်တယ်။ နောက်ဆုံး လုပ်ရတာကတော့ သဘောတူရာ ကျောက်စာတွေကို ပေါင်းပြီး ကျောက်စာတစ်တိုင် လုပ်ရတယ်။ ဘုရားတစ်ဆူတည်းကို ဒေသအမျိုး မျိုးက မြေလှူတဲ့ ကျောက်စာတွေကို ပေါင်းပြီး ကျောက်စာတစ်ခု လုပ် ရပြန်တယ်။ အဲဒီလို ပေါင်းပြီး ပေါ်လာတဲ့ ကျောက်စာကို 'စပ်ထိုး'လို့ ခေါ်ပါတယ်။ တွင်းသင်းဝန်က အခွင့်ကောင်းယူပြီး ၁၈၀၀ လောက်

mgyoe.com

mgyoe.com SAMPLE BOOK

ရောက်တဲ့အခါ ရာဇဝင်သစ်ကို ရေးခဲ့ပါတယ်။ ခေတ်ပြိုင်မှတ်တမ်းကို သုံးပြီး မြန်မာရာဇဝင်ကို ရေးတာ ပထမ ဖြစ်ပါတယ်။ စစ်ကိုင်းမင်း (ဘကြီးတော် ၁၈၁၉–၁၈၃၈) က ရဟန်းပညာရှိ၊ လူပညာရှိ တစ်ဆယ့် သုံးဦး ကော်မတီဖွဲ့ပြီး မှန်နန်းရာဇဝင်ကို ပြုစုခိုင်းတယ်။

> (ကော်မတီက) တာဝန်ယူဆောင်ရွက် လုပ်ချိန်များများ မရ၊ အထောက်အထားကုန်အောင် စုနိုင်ဖို့လည်း အထောက်အကူ မရှိ၊ လုပ်နိုင်စွမ်းလည်း မရှိ(လို့ ထင်ပါတယ်)။ ကျောက်စာ အားလုံး စုမိတယ် ထားဦး၊ ဖတ်တဲ့အခါ တိကျရမယ်၊ အဓိပ္ပာယ် ယူဆပုံ မှန်ရမယ်။ ဒါမှ ပေါ့ပေါ့တန်တန် ဇာတ်လမ်းစခဲ့တဲ့ ရာဇဝင်ကို ဘယ်လိုလုပ်ပြီး ခိုင်ခိုင်ခံ့ခံ့ဖြစ်အောင် လုပ်နိုင်ပါ့ မလဲ။ (လူ့စ်၊ ၁၉၄၂၊ ၈၂)

အိမေ ဖိုခင်မားကို ၁၈၉၁ မှာ အစိုးရကျောက်စာဝန် ခန့်တယ်။ ကျောက်စာတွေကို မင်သုတ်ပြီး စက္ကူပေါ်မှာ ကူးတယ်။ မြန်မာပဏ္ဍိတ် အမည်ခံ ပညာရှိတွေက ဖတ်ရ၊ တည်းဖြတ်၊ ပုံနှိပ်ရတယ်။ သူတို့ သက္ကရာဇ်တွေ ကူးတာ မှားတယ်။ စာသားကို ကူးတဲ့အခါ ဝါကျတွေ ကျခဲ့တယ်။ စာလုံးပေါင်းကို ပြင်တယ်။ ဒါပေမဲ့ နောက် ကျောက်စာဝန် တော်စိန်ခိုက စုစုပေါင်း စာမျက်နှာ ၂၈၀၂ ရှက်ရှိတဲ့ 'ဧရာမ' စာအုပ်ကြီး ခြောက်အုပ်ကို ပုံနှိပ်ခဲ့ပါတယ်။

၁။ ပုဂံ–ပင်းယ–အင်းဝ ကျောက်စာ (၁၈၉၂)

၂ နဲ့ ၃။ ဘိုးတော်ဘုရားလက်ထက် ကျောက်စာ ဆင့်ထိုး နှစ်တွဲ၊ (၁၈၉၇၊ ၁၈၉၇)

၄ နဲ့ ၅။ အထက်မြန်မာနိုင်ငံမှာ စုဆောင်းပြီး ကျောက်စာနှစ်တွဲ (၁၉၀၀၊ ၁၉၀၃)

၆။ ဘိုးတော်ဘုရားလက်ထက် အမရပူရ ပုထိုးတော်ကြီးရောက် ကျောက်စာ မူလထိုး (၁၉၁၃)

mgyoe.com

mgyoe.com SAMPLE BOOK

လန်ဒန်တက္ကသိုလ်မှာ ၁၉၅၂–၁၉၅၆ ကာလက ပါရဂူဘွဲ့အတွက် ပုဂံခေတ် *မြန်မာ ဗုဒ္ဓသာသနာဝင်ကျမ်း*ကို ကျွန်တော် ရေးသား တင်သွင်းတဲ့အခါ ကျောက်စာတစ်မျိုးတည်းကို အခြေခံ အထောက်အထား အနေနဲ့ သုံးတယ်။ အဲဒီအခါ ဆင်ကြီးလို့ တင်စားခေါ်တဲ့၊ အပေါ်မှာ ရေးပြတဲ့ ကျောက်စာ စာအုပ်ကြီး ခြောက်အုပ်ကို အထင်သေးလို့ လုံးဝ မသုံးပါ။ အဲဒီလို ခပ်တင်းတင်း သဘောထားရာက မူလထိုးတွေ စစ်အတွင်းက ပျောက်ပျက်တာတွေ၊ အစကပဲ ပျောက်တာတွေအစား၊ ဆင့်ထိုး၊ စပ်ထိုးလည်း သုံးနိုင်သလောက် သုံးကြည့်သင့်တယ်လို့ သဘောပေါက်တာ သိပ်မကြာသေးပါ။ ဒီလိုနဲ့ အခု ဒီစာအုပ်မှာပါတဲ့ အကြောင်းအချက်တွေဟာ တစ်ခါက ကျွန်တော် ပယ်ခဲ့တဲ့ မြန်မာပဏ္ဍိတ်တွေကို ဂုဏ်ပြု တောင်းပန်တဲ့အနေနဲ့ ရေးသားတာ ဖြစ်ပါတယ်။

သန်းထွန်း

mgyoe.com

mgyoe.com SAMPLE BOOK

မန္တဟာကျောက်စာ[၁]

ရာဇဝင်ရေးလျှင် ခေတ်ပြိုင်မှတ်တမ်း ရအောင် အဓိကထား၍ ရှာဖွေရသည်။ အဘယ့်ကြောင့်ဆိုသော် မျက်မြင်ကိုယ်တွေ့ မှတ်တမ်းသည် အားအရှိဆုံး ဖြစ်၏။ တစ်ဆင့်စကားကို မှတ်သားခြင်း၊ နောင်မှ ပြန်၍ရေးခြင်း စသော မှတ်တမ်းကား အားနည်း၏။ ထို့ကြောင့် မြန်မာ ရာဇဝင်ကို ပုဂံ စသော ခေတ်ဦးမျိုးအတွက် ရေးလိုလျှင် ခေတ်ပြိုင်မှတ်တမ်းဟူ၍ ကျောက်စာအများ ရှိနေသည်ကို လျစ်လျူရှု၍ မဖြစ်ချေ။

ကျောက်စာ ဟူရာ၌လည်း မူလထိုး၊ ဆင့်ထိုး၊ စပ်ထိုးဟူ၍ သုံးမျိုး ရှိပြန်သည်။ မူလ ရေးထိုးစဉ်ကအတိုင်း ရှိနေသည်ကို မူလထိုးဟု ခေါ်ပါသည်။ ဆိုင်ရာပိုင်ရာ ကျောင်းဘုရားနှင့် မကွေမကွင်း၊ မရွေ့ မလျား နေလျှင် အကောင်းဆုံးတည်း။ ဘိုးတော်ဘုရား လက်ထက် သက္ကရာဇ် ၁၁၅၅ (ခရစ်နှစ် ၁၇၉၃) လောက်က နေပြည်တော်သို့ သယ်

၁။ ယဉ်ကျေးမှုစာစောင်၊ အတွဲ ၃၊ အမှတ် ၁၀၊ စက်တင်ဘာ၊ ၁၉၆၀၊ ၅၅–၅၈။
– သမိုင်းမဂ္ဂဇင်း၊ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်၊ သမိုင်းသင်း၊ နိုဝင်ဘာ၊ ၁၉၇၂၊ ၉–၁၂။

mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့ရာမှ (ကုန်းဘောင်ဆက် စာမျက်နှာ ၆၆၂ ကြည့်) အဆင့်ဆင့် ရွေ့လျော၍ ယခု မန္တလေးနန်းတွင်း ကျောက်စာရုံ၌ ရောက်နေသည်လည်း အများရှိ၏။ မူလထိုး ဖြစ်လင့်ကစား မူလအရပ်တွင် မရှိသောကြောင့် ကျောက်စာ၌ပါသော အကြောင်းအချက်တို့ကား မည်သည့်ဒေသနှင့် ဆိုင်သည်ဟု အတိအကျဆိုရန် ခက်ခဲပြန်သဖြင့် မူလနေရာမှ မရွေ့သော မူလထိုးကျောက်စာလောက် တန်ဖိုးမရှိနိုင်ပါချေ။ ကျောက်စာတိုင်တို့ ပျက်စီးနေလျှင် ရေးကူး၍ ကျောက်တုံးအသစ်တွင် ပြန်လည်ရေးထိုးရမည်ဟု ဘိုးတော်ဘုရား အလိုတော်ရှိပြန်သဖြင့် ဆင့်ထိုးဟူ၍ ပေါ်လာပြန်သည်။ တစ်ဆင့်ကူးလျှင် အမှား ဝင်မြဲတည်း။ တစ်ဆင့်ကူးသူတို့က သတ်ပုံပြင်တတ်သည်။ ဝါကျအထားအသို ပြင်တတ်သည်။ ဂဏန်းအဖတ် မှားသည်။ စကားလုံးကို မသိဖူးသဖြင့် အလွဲ ရေးသည်။ အလွန်သေချာအောင်စစ်ဆေးနိုင်မှ မူရင်းအတိုင်း ရချေမည်။ ဆင့်ထိုး ထိုးစဉ်က ကြပ်ကြပ်မတ်မတ် စစ်ဆေး ပြင်ဆင်သည်ဟု မဆိုနိုင်။ ထို့ကြောင့် ကျောက်စာတွင် ဆင့်ထိုးဖြစ်လျှင် တန်ဖိုးများစွာ ယုတ်လျော့သွား၏။ ထို့ထက် ညံ့သည်ကား စပ်ထိုး ဖြစ်ပါသည်။ ကျောင်းအရန်တစ်ခု၊ သို့မဟုတ် ဘုရားတစ်ဆူနှင့် သက်ဆိုင်သော ကျောက်စာရှိသရွေ့မှ အကြောင်းအရာ အားလုံးကို ပေါင်းစပ်၍ ကျောက်စာတစ်တိုင် အသစ်ဖြစ်အောင် ရေးထိုးခြင်းကို ဆိုလိုပါသည်။ ဆင့်ထိုးလျှင် မှားတတ်သည်ထက် စပ်ထိုးက အမှားပိုချေမည်ဟု စပ်ထိုးကို အထင်သေးနိုင်ပါသည်။ ဆရာ့ဆရာတို့ မှာစကားအရ မူလထိုးက လွဲ၍ သုံးသင့်သည် မဟုတ်ချေ။

ဤတွင် ယခု ကျွန်တော်တို့ လေ့လာမည့် မနူဟာကျောက်စာကားမည်သည့်အမျိုးတွင် ပါဝင်ပါသနည်း၊ ယခု အဘယ်မှာ ရှိပါသနည်း၊ အဘယ့်ကြောင့် ယင်းကို ရွေးကောက် လေ့လာပါသနည်းဟု မေးလာလျှင် ဖြေရန်ကား အဆိုပါကျောက်စာသည် (၁) ဆင့်ထိုးဖြစ်၍ (၂) ယခုမန္တလေးနန်းတွင်း ကျောက်စာရုံ၌ ရောက်ရှိနေပါသည်။ ထိုရုံအတွင်း၌ အမှတ်စဉ် ၉ ဟု ထိုကျောက်စာကို မှတ်သား၍ထားပါသည်။ မြန်မာနိုင်ငံကျောက်စာ စာရင်းအရ အမှတ်စဉ် ၃၄၆ ဖြစ်၍ ကျောက်စာဝန်ဟောင်းဒူရွိုင်ဆယ်က မူလထိုးဟု သတ်မှတ်ခဲ့သည်။ ထို့ကြောင့် ပုထိုးတော်ကြီး

mgyoe.com

mgyoe.com SAMPLE BOOK

အနား၌ ထားသော ဘိုးတော် စုခဲ့သည့် မူလထိုးကျောက်စာများ (၁၉၁၃ ပုံနှိပ်) ခေါ်သည့် စာအုပ်ကြီးတွင် အဆိုပါကျောက်စာကို စာမျက်နှာ ၇ နှင့် ၈ တွင် တွေ့နိုင်ပါသည်။ (၃) ယင်းကျောက်စာကို ရွေးထုတ်၍ ယခု လေ့လာရသည်မှာ ရာဇဝင်ဆရာအချို့က ၎င်းကို အားကိုးလျက် အလောင်းစည်သူ၏အဖကား မည်သူ ဖြစ်သင့်ပါသည်ဟု အဖြေ ရှာပေးလျက် ရှိပါသောကြောင့် လေ့လာရပါသည်။

ရှေးရေး ရာဇဝင်တို့၌ကား စောလူး၏သား စောယွန်းနှင့် ကျန်စစ်သား၏သမီး ရွှေအိမ်သည်ကို စုံဖက်လျှင် သားတော် အလောင်းစည်သူကို မွေးသည်ဟု ဝတ္ထုတိုကလေးတစ်ပုဒ် ရေးထည့်သည်ကို အများအသိ ဖြစ်ပါသည်။ (*ဦးကုလား မဟာရာဇဝင်*၊ ပထမတွဲ၊ စာမျက်နှာ ၂၁၁–၁၂။ *မှန်နန်း*၊ ပထမတွဲ၊ အပိုဒ် ၁၃၉၊ စာမျက်နှာ ၃၀၇။ *တွင်းသင်းရာဇဝင်သစ်*၊ စာမျက်နှာ ၇၄ ကြည့်)

ခေတ်ရာဇဝင်ဆရာတို့၏ အရေးအသား (*မြန်မာနိုင်ငံ သုတေသနဂျာနယ်*၊ အတွဲ ၃၆၊ အပိုင်း ၁၊ စာမျက်နှာ ၁၂) ၌ အောက်ပါအတိုင်း တွေ့ရှိ မှတ်သားရဖူးပါသည်။

> ဘေးအန္တရာယ် အကြီးဆုံးအခါဖြစ်သော (ငရမန်ကန်း၏) ရန်စစ် ပုဂံကို ရံလျက်ရှိစဉ် မွန်မင်းဆက် နန်းရိုးတို့ မည်သည့် အမှုကို ပြုပါသနည်း။ မကုဋ (မနုဟာ) မင်းနှင့်အတူ သားတော်လည်း သေလွန်ခဲ့လေပြီ။ နှောင်းခေတ်မှ ရေးထိုးသော ကျောက်စာတစ်ခု၏ အလိုအရ မကုဋ၏ မြေးတော်သည် သူပုန်နှင့်ကား မပေါင်း။ သို့သော် ပုဂံမင်းခမ်းတော် အဝင်အပါ လေ့တော်ကို ယူ၍ ပုပ္ပားသို့ တိမ်းရှောင်ကာ တစ်မီး ထမည် ကြံသည်ဟု ထင်ရပါသည်။ ကျန်စစ်သားက အသာတကြည် ဆုံးမသဖြင့် အကြံလျော့လျှင် မိမိ၏သမီးအရင်းနှင့် မကုဋမြစ်ကို လက်ဆက်စေလျက် မိမိ၏သားရင်းကိုပင် ထီးမွေမှနုတ်ပယ်၍ မွန်မင်းသားနှင့် သမီးတော်တို့ သင့်သည်မှ မြင်သော သားကို နန်းရံထားမည်ဟု ကတိထားခဲ့ဟန် တူသည်ဟု (နှောင် အဖြစ်အပျက်ကို

mgyoe.com

mgyoe.com
SAMPLE BOOK

အကဲခတ်လျက် ဤသို့ ဖြစ်ကောင်း၏ဟု စွဲမှတ်ကာ ဖြည့်စွက်လိုက်ပါသည်)

ဤတွင် 'နှောင်းခေတ်မှ ရေးထိုးသော ကျောက်စာတစ်ခု' ဟူသည့် အမည်မဖော်သော်လည်း ယခု လေ့လာဆဲ (မနူဟာကျောက်စာ) (စာရင်း ၃၄၆၊ မန္တလေး ကျောက်စာရုံအမှတ် ၉) ပင် ဖြစ်ပါသည်။ ကျောက်စာကို နှစ်မျက်နှာ ရေးထိုးထားသည်။ ရွှေအိမ်သည် အိမ်ထောင်ပြုရပုံကို ကျောဘက်၌သာ ပါသဖြင့် ကျောဘက်စာသားကို (ဘိုးတော် စုခဲ့သည့် မူလထိုး ကျောက်စာများ) (၁၉၁၃ ပုံနှိပ်၊ စာမျက်နှာ ၈) တွင် ပါသည့်အတိုင်း ရေးကူး၍ ဖော်ပြလိုက်ပါသည်။

၁။ နမောသဗ္ဗဇညာယ။ ။ သစုမ်မင်းသားကြီး သားတော် သုဓမ္မရစ်။ သုဓမ္မ။

၂။ ရစ်သားတော် အသဝတ်ဓမ္မာမင်းသည်။ ။ သီရိတြိဘဝနာဒိတျပဝရဓမ္မ။

၃။ ရာဇဓိရာဇာ မယ်တော်ဟိသော။ ။ နရပတိစည်သူမင်းကြီးရွှေ။

၄။ လာင်းတော်ကိုဝ် ပုပ္ပားအရပ် သိုဝ်ဝှက်ပေ၏။ နရပတိစည်သူမင်းကြီး မိန့်၏။

၅။ အသဝတ်ဓမ္မာ ရွှေလောင်းကိုဝ်ယူချေ။ ကိုဝ်ကိုဝ် ထမင်းဝအောင်ကျွေးမည်ဟူ၍။

၆။ မိန့်၏။ အသဝတ်ဓမ္မာလည်း ရွှေလောင်းတော်ကိုဝ် ယူချေ၏။ ရွှေလောင်းတော် ရောက်။

၇။ ပြီဟူ၍ လျှောက်သော်။ သမီးတော် ရွှေအိမ်သည်နှင့်လည်း၊ အသဝတ်ဓမ္မာ သား နာဂသွန်း။

၈။ နှင့် ပေးစေတော်မူ၏။ စားကျေးကျွန်ရွာလည်း များစွာ ပေးတော်မူ၏။ ထမ။

၉။ ငံးအိုဝ် သုံမ်းဆယ်နှင့် နွားသင်းနှ တဆယ်ငါခု ကိုဝ် ဟင်းပြုရွှေကျွေးတော်မူ။

mgyoe.com

mgyoe.com SAMPLE BOOK

၁၀။ ၏။

ဤတွင် မင်း၏အမည်ကို နရပတိစည်သူဟု အတိအကျ ဖော်ပြသည်ကို မှတ်သားရချေမည်။ ကျောက်စာ၏မျက်နှာဘက်၌ သက္ကရာဇ် ၄၂၉ ဟူ၍လည်းကောင်း၊ ကျောဘက်၌ သက္ကရာဇ် ၃၆၆ ဟူ၍လည်း ကောင်း ပါရှိသော်လည်း ခေတ်ပြိုင်မှတ်တမ်း မဟုတ်ချေ။ လက်ရေး အနေအထားနှင့်တကွ အသုံးအနှုန်းသည် ပုဂံခေတ် အရေးအသားနှင့် မတူသောကြောင့် နှောင်းခေတ်ကျောက်စာဟု မယုတ်မလွန် ဆိုရာသည်။ ဆင့်ထိုးသည်ဟု ဆိုရန်လည်း မခက်ပါ။ ဤကျောက်စာကို အခြေပြု၍ နရပတိစည်သူကို မြှုပ်ကာ ငရမန်ကန်း ပုန်ကန်စဉ် ကျန်စစ်သားက သမီးနှင့် မွန်မင်းသားကို ပေးစား၍ ထိုမှ မြင်သော သားကို ထီးမွေပေး သည်ဟု ဝတ္ထုတစ်ပုဒ် ရပြန်ပါသည်။

ဝတ္ထုအနေဖြင့် ထိုနာဂသမန်း ရွှေအိမ်သည် ညားပုံသည် ဇာတ်လမ်း ဇာတ်အိမ် ကောင်းသည်။ ကျန်စစ်သား၏ အမြော်အမြင်ကြီးပုံကို ထင် ရှားစေသည်။ မွန်–မြန်မာ ချစ်ကြည်ရေးကို အလေးအနက်ပြုသည်။ ဘုရင့်သား ဖြစ်ပါလျက် ရှင်ဘုရင် မလုပ်ရသူ သမ္ဘူလ၏သားအတွက် သနားစရာ လွမ်းခန်းပေါ်သည်။ သားအရင်းကို ထီးမွေမပေးနိုင်တော့ သဖြင့် ရင်နာရှာမည့် ကျန်စစ်သားကို ကြည်ညိုမဆုံးပါ။ ထိုဝတ္ထုကိုပင် မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၂၊ စာမျက်နှာ ၉၅ ၌ ယူထားသည်ကို အောက် ပါအတိုင်း တွေ့ရပါသည်။

> မင်းစီးလှေတော်ကို ပုပ္ပား၌ အသဝတ်ဓမ္မာမင်းသား ဖွက်သော ကာလသည် ငရမန်ကန်း ပုဂံကို ပုန်နေသော ကာလဆိုး ဖြစ် တန်ရာသည်။ ထိုသို့ဖွက်သော အသဝတ်ဓမ္မာ၏ အမူအရာသည် ပုဂံတစ်ဝိုက်ရှိ မွန်တို့ကို စုရုံး၍ တစ်ထီးတစ်နန်း ထူလိုသဖြင့် ပုပ္ပား၌ ဗိုလ်ဝင်ခံသော အမူအရာ ဖြစ်တန်ရာသည်။ ထိုသို့ ဖြစ်လျက် မျက်မှောက် ဆူပူသောင်းကျန်းမှုကို အလွယ်တကူ ငြိမ်းအေးစေလိုသော ဆန္ဒကြောင့်လည်းကောင်း၊ နောင်ရေးကို

mgyoe.com

mgyoe.com

မျှော်တွေး၍ မွန်–မြန်မာ အစွန်.ရှည်စွာ စည်းလုံးခိုင်မြဲစေလို
သော ဆန္ဒကြောင့်လည်းကောင်း၊ ကျန်စစ်သားမင်းသည် မိမိ၏
သမီးတော် ရွှေအိမ်သည်အား မနူဟာမင်း၏ မြစ်တော် နာဂ
သမန်းနှင့် ပေးထိမ်းမြားခြင်းသည်လည်း ဖြစ်တန်ရာသည်။
တစ်ဖန် ရာဇဝင်များ၌ မြေးတော်ကို မင်းမြှောက်ခဲ့ပြီးဖြစ်၍
မြေးကား အရင်း၊ သားက အဖျား ဖြစ်ပြီဟု ကျန်စစ်သားမင်း
မိန့်တော်မူကြောင်း ရေးမှတ်ခဲ့ခြင်းသည်လည်း ထိုအကြောင်း
များကြောင့်ပင် ဖြစ်တန်ရာသည်။

ဤတွင် 'ဖြစ်တန်ရာသည်' လေးခု တွေ့ရ၏။ စာပြုသူက ဖြစ်သည်ဟု မဆို။ ဖြစ်တန်ရာသည်ဟုသာ ဆိုသဖြင့် မှန်သည်၊ မှားသည်ဟု မဝေဖန်သာ။

သို့သော် မနူဟာကျောက်စာကို စာပြုသူပုဂ္ဂိုလ်သည် ကိုယ်တိုင် ဖတ်ရှုလေ့လာမှု မရှိ။ ထို့ကြောင့် အမိမြန်မာ၊ အဖမြန်မာက ဖွားမြင်သည့် မြန်မာအစစ် အလောင်းစည်သူကို မွန်–မြန်မာ ကပြားဖြစ်အောင် ရေးရာသလောဟု မကျေနပ်သူ ရှိလာပြန်သည်။ (*မြဝတီ*၊ အတွဲ ၈၊ အမှတ် ၁၂၊ ၁၉၆၀၊ အောက်တိုဘာ၊ စာမျက်နှာ ၁၀၃–၆ ကြည့်) ထို့ပြင် မြန်မာနိုင်ငံ သမိုင်းကော်မရှင်က ထွက်လတ္တံ့သော စာအုပ်တွင်လည်းကောင်း၊ 'မြန်မာ့စွယ်စုံကျမ်း၏ 'မ'အက္ခရာဆိုင်ရာ အတွဲတွင် လည်းကောင်း၊ [ကျွန်ုပ်၏ အဆိုကို ဖြိုဖျက်ခြင်း မပြုနိုင်သော် 'မြန်မာစည်သူ' ဟု ပြင်၍ ရေးကြလိမ့်မည်ဟု မျှော်လင့်ကြောင်း ရေးလိုက်သေးသည်] အစကပင် 'ဖြစ်တန်ရာသည်'ဟု ရေးသူက ရေးသဖြင့် မျှော်လင့်ဖွယ် မကျန်ဟုသာ ဆိုချင်ပါသည်။ 'မနူဟာကျောက်စာ'ကလည်း ခေတ်ပြိုင် မဟုတ်ချေ။ မူလထိုးဟု ဆိုရန်လည်း ခက်သည်။ မင်းကို ကူမယ့် အခြား သက်သေလည်း မရှိ။ တစ်ဖက်က ကြည့်ပြန်လျှင် ကျန်စစ်သား၌ မိဘ သဘောမတူသူကိုမှ ရွေး၍ ကြိုက်သဖြင့် လက်မလွှန်ခင် အိမ်ထောင်ချရမည့် သမီးတော် ရှိနေသည်ဟု ရေးအမှတ်အသား ရှိ၏။ အလျှင်စလို စီမံရမည့် သူပုန်သူကန်အရေးလည်း ကြုံ၏။ မြေးကား အရင်း၊ သားကား

mgyoe.com

mgyoe.com

အဖျား ဟူသော ရေးစကားလည်း ကျန်ရစ်၏။ ကျန်စစ်သားကလည်း မွန်စာဖြင့် ကျောက်စာအများ ရေးထိုးခဲ့သည်ကို ထောက်၍ မွန်ကို သမက်တော်ရန် ဝန်လေးမည့်သူ မဟုတ်ဟု ယူဆရ၏။ နောက်မှ မှတ်တမ်းရေးသူတို့သည် ကျန်စစ်သားနှင့် နရပတိစည်သူကို မှား၍ ရေးခြင်းလည်း ဖြစ်မည်။ သို့သော် နရပတိစည်သူဟု ရေးမှတ်ပြီးသည်ကို ကျန်စစ်သား ဖြစ်ရမည်ဟု ဆိုရန်လည်း ခက်လှသည်။

'မနူဟာကျောက်စာ'ကို ဗဟိုပြု၍ ယခုမှသာ ငြင်းကြသည် မဟုတ်။ လွန်ခဲ့သည့် အနှစ် နှစ်ရာခန့်ကလည်း ငြင်းခဲ့သည်။ တွင်းသင်းဝန်ကြီး ဦးထွန်းညိုက ဤ'မနူဟာကျောက်စာ'ကို ကိုးကားလျက် ရေးအယူအဆကို ပယ်၍ ရာဇဝင်သစ်အတွက် (စာမျက်နှာ ၉၆) ဝတ္ထုတစ်ပုဒ် ထုတ်ယူခဲ့ဖူးသည်ကို အောက်၌ ဖော်ပြလိုက်ပါသည်။

> သထုံမင်း မနူဟာကို ရွှေစည်းခုံဘုရားမှာ နော်ရထာ မင်းစောက လှူသည်ဟူ၍ ရာဇဝင် အစောင်စောင်တို့၌ ဆိုသည်။ မနူဟာကျော်စာ နှိုက်မူကား၊ သထုံမင်းကြီး၏ သားတော် သူဓမ္မရာဇ်၏သား၊ အသဝတ် ဓမ္မာသား၊ နာဂသမန်းနှင့် ခင်အုန်း မိဖုရားတွင် မည်သည့်သမီးတော် ရွှေအိမ်သည်နှင့် ထိမ်းမြား တော်မူသည် ဆိုသည်။ ထိမ်းမြားဟန်ကား နရပတိစည်သူ မင်းကြီးသည် ရွှေလောင်းတော်ကို ပုပ္ပါးအရပ်နှိုက် ဝှက်ထား ပေ၏။ နရပတိစည်သူမင်းကြီး မိန့်၏။ အသဝတ်ဓမ္မာ ရွှေလောင်းတော်ကို ယူချေ။ ကိုယ်ကို ထမင်းဝအောင် ငါ ကျွေးမည်ဟု ဆို၏။ အသဝတ်ဓမ္မာလည်း ရွှေလောင်းတော်ကို ယူချေ၍ ရွှေလောင်းတော် ရောက်ပြီဟု လျှောက်သော် သမီးတော် ရွှေအိမ်သည်နှင့်လည်း အသဝတ်ဓမ္မာသားတော် နာဂသမန်းနှင့် ပေးစားတော်မူ၏။ စားကျွေးကျွန်ရွာ များစွာ ပေးတော်မူ၏။ ထမင်းအိုး သုံးဆယ်နှင်နှင်၊ နွားသင်းနှ တဆယ့်ငါးခု၊ နို့ဟင်း ပြု၍ ကျွေးတော်မူ၏။ ကျောက်ရေးဆရာတို့ ထား၏။ အကယ်၍ သထုံမင်းကို အနော်ရထာမင်းစော ဘုရားမှာ လှူသည်မှန်လျှင်

mgyoe.com

mgyoe.com SAMPLE BOOK

သထုံမင်း မနူဟာမြစ်ဖြစ်သော နာဂသမန်းကို နရပတိစည်သူ
မင်းကြီး သမီးတော်နှင့် မပေးစားတန်ရာ ဖြစ်သည်။

ဤတွင် ဦးထွန်းညိုသည် ကျောက်စာကို အမြီးအမောက် မတတ်။ 'မနူဟာကျောက်စာ' မူလထိုး ရှိခဲ့ဖူးလျှင် ဦးထွန်းညိုကိုယ်တိုင် မြင်ဖူးလိုက်ရမည်ဟု ထင်စရာ ရှိသည်။ အဘယ့်ကြောင့်ဆိုသော် မူလထိုးကို ကူး၍ ဆင့်ထိုး ထိုးရာ၌ ဦးထွန်းညိုက ကြီးကြပ်ရမည်။ ထို့ကြောင့် ဦးထွန်းညို၏ခေတ်က ကျောက်စာကို မူလထိုး၊ ဆင့်ထိုး၊ စပ်ထိုးဟူ၍ ချိန်ဆဖွယ် မရှိ။ သူတို့ကြောင့်သာ ဆင့်ထိုး၊ စပ်ထိုး အများဆုံး ပေါ်ရသဖြင့် သူတို့သာလျှင် မူလထိုးနှင့် အနီးစပ်ဆုံး ဖြစ်သည်။ နရပတိစည်သူဟု ကျောက်စာ၌ပါသည်ကို ဦးထွန်းညိုက ကျန်စစ်သား ဖြစ်အံ့လောဟု သံသယမဖြစ်။ ရှင်ဘုရင့်သမီးကို မနူဟာ၏မြစ်နှင့် ပေးစားသည်ကိုသာ ဦးထွန်းညိုက အရေးပါသောအချက်ဟု ယူဆသည်။ ဘုရင့်သမီးကို ဘုရားကျွန်နှင့် ပေးစားမည် မထင်။ ထိုမှတစ်ဆင့်တက်၍ စဉ်းစားဝံ့နည်းကား နာဂသမန်းသည် ဘုရားကျွန် မဟုတ်။ ၎င်း၏အဖဖြစ်သော အသဝတ်မွှာလည်း ဘုရားကျွန် မဟုတ်။ ၎င်း၏အဖဖြစ်သော သုဓမ္မရစ်လည်း ဘုရားကျွန် မဟုတ်။ ၎င်း၏အဖဖြစ်သော မနူဟာလည်း ဘုရားကျွန် မဟုတ်။ ယင်းသို့ဖြစ်လျှင် မနူဟာကို ဘုရားကျွန်ပြုသည်ဟူသော ရှေးစကား ပျက်တော့သည်။ သို့သော် ဦးထွန်းညိုက အရှင့်သမီးနှင့် ကျွန်ကို 'မပေးစားတန်ရာ ဖြစ်သည်'ဟု ရာဇဝင်ဆရာတို့၏ 'ဖြစ်တန်ရာသည်' မူကို ကျင်လည်စွာ သုံးခဲ့ပါသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

ဒီသပြမှုက်ကျောက်စာ (၁၂၈၅) သမိုင်းမှာ အရေးပါပုံ

ပုဂံပြတိုက် ကျောက်စာစုမှာ ရှိနေတဲ့ ဒီသပြမှုက်ကျောက်စာဟာ မူလက ပုဂံ မင်္ဂလာစေတီနဲ့ ဆိုင်တယ်။ ကျောက်စာမင်ကူးပုံကို ဓာတ်ပုံ ရိုက်ပြီး ပုံနှိပ်ထုတ်ဝေတဲ့အခါ ဒီကျောက်စာက အထုပ်နှစ်၊ ဓာတ်ပုံ အမှတ် ၂၇၁ ဖြစ်တယ်။ (တင်နဲ့ လုစ်၊ လန်ဒန်၊ ၁၉၃၆) တစ်ဆယ့်သုံး ရာစုနှစ် အကုန်ပိုင်းမှာ မြန်မာကို ရောက်လာတဲ့ မောင်ဂို ကျူးကျော်စစ် နဲ့ ပတ်သက်ပြီး သမိုင်းကြောင်းကို အသင့် သိတာထက် ထူးကဲပြီး သိရ တာဟာ ဒီကျောက်စာကြောင့် ဖြစ်ပါတယ်။ မြန်မာရာဇဝင်တွေမှာ ပါတဲ့ ဖြစ်စဉ်ကို တချို့နေရာမှာ ပြင်နိုင်တယ်။ တရုတ်မှတ်တမ်းမှာပါတဲ့ တချို့ အကြောင်းအရာကို ဖြည့်စွက်ပေးနိုင်တယ်။ နောင်အခါ တရုတ်ပြေးမင်း လို့ တွင်တဲ့ နရသီဟပတေ့ (၁၂၅၄–၁၂၈၇) ကို နန်းကျစေတဲ့ မောင်ဂို ကျူးကျော်စစ်ကြီး မတိုင်မီက ရာဇဝင်ပါ မြန်မာ–တရုတ် ဆက်ဆံရေးကို ပြန်ပြောဖို့ လိုပါတယ်။ ဦးကုလားက *မြန်မာရာဇဝင်ကြီး*ကို ခေတ်ဦးက စပြီး ရေးသလို ၁၈၂၉ မှာ မင်းမိန့်နဲ့ ခန့်ထားတဲ့ ရာဇဝင်ရေးအဖွဲ့က ရေးတဲ့အခါ ဒီရာဇဝင် နှစ်စောင်စလုံးမှာ ဖော်ပြပုံကို ကြည့်ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ခရစ်နှစ် ၁၂၈၁ က ဝါဂါရုလို့ခေါ်တဲ့ မွန်တစ်ဦးဟာ (မြန်မာဘုရင်ခံ) အလိမ်မာကို လုပ်ကြံပြီး၊ သူ့ဘာသာ မဒမ (မုတ္တမ) ဘုရင် လုပ်လိုက်ပါတယ်။ အဲဒီနှစ်မှာပဲ တရုတ် ဥတည်ဘွား က အမတ် တစ်ဆယ်ဦး၊ မြင်းသည် ၁၀၀၀ နဲ့ ရှေးက ပုဂံဘုရင် အနော်ရထာ ဆက်ဖူးသလို၊ ရွှေထမင်းအိုး၊ ရွှေဟင်းအိုး၊ ငွေထမင်းအိုး၊ ငွေဟင်းအိုး၊ ရွှေယောက်မ၊ ငွေယောက်မတွေ ဆက်ပါလို့ တောင်းလာတယ်။ တချို့မှတ်တမ်းက ဆင်ဖြူတော် တစ်စီးလည်း ဆက်ဖို့ တောင်းတယ်လို့ ပါတယ်။ ရှင်ဘုရင်က သံအဖွဲ့ကို ရှေ့တော်ဝင်ခွင့် ပေးတဲ့အခါ ပြုမြဲ ရှိခိုးကန်တော့ ခြင်းကို မလုပ်လို့ ဘုရင်က 'တစ်ယောက်မလွတ် သတ်စေ'လို့ အမိန့်ပေးလို့ သတ်ရတယ်လို့ ဆိုပါတယ်။ အမတ် အနန္တပစ္စည်း က 'ယခုလို သံအဖွဲ့ဝင်တွေက မရိုမသေပြုတာကို တရုတ် ဥတည်မင်းကို တိုင်ကြားသင့်ပါတယ်။ မင်းတကာ ပြုမြဲမဟုတ် တဲ့ သတ်စေလို့ အမိန့်တော် မထားသင့်ပါ'လို့ ဟန့်တားပေမဲ့ ရှင်ဘုရင်က အရေးမစိုက်ပါ။ 'ဒင်းတို့ ပြုမူပုံဟာ သည်းခံနိုင် ဖွယ် မရှိ'လို့ မိန့်တော်မူလို့ အယူခံမရ ဖြစ်သွားပါတယ်။ သံ အဖွဲ့ဝင် အကုန်လုံး အသတ်ခံရပါတော့တယ်။ တရုတ် ဥတည် ဘွားက ဒီသတင်းကို ကြားတဲ့အခါ သိပ်စိတ်ဆိုးလို့ မြင်း ၆,၀၀၀,၀၀၀၊သူရဲ ၂၀,၀၀၀,၀၀၀ ပါတဲ့ တပ်ကြီးတစ်တပ် စေ လွှတ်လိုက်ပါတယ်။ ကျူးကျော်တပ်ကို ဟန့်တား ပိတ်ပင် တိုက်ခိုက်ဖို့ ဘုရင် နရသီဟပတေ့က စစ်သူကြီး အနန္တပစ္စည်း နဲ့ ရန္တပစ္စည်းတို့ကို လူ ၄၀၀,၀၀၀ နဲ့ လွှတ်ပါတယ်။ ဗန်းမော် (မရောက်မီ ကန်သီတာအရပ်မှာ ရှိတဲ့) ငဆောင်ချမ်းတပ်ကို လည်း ကျုံး၊ မြောင်း၊ မြို့ရိုး အပြည့်အစုံနဲ့ ခိုင်ခံ့အောင် ပြင်ဆင် ထားပါတယ်။ ပြီးတော့မှ ရန်သူတွေ (ရွှေလီမြစ်ကို) ကူးတက် မလာအောင် ဆို့စေတယ်။ သုံးလတိုင်တိုင် ဆင်စာ၊ မြင်းစာ မြက်ရိတ်တွေပါ မလာနိုင်အောင် တားမြစ် တိုက်ခိုက်ပါတယ်။ ဥတည်ဘွားကလည်း ဒီလိုင်းတက်သလို တပ်တွေ တစ်တပ်ပြီး

mgyoe.com

mgyoe.com
SAMPLE BOOK

တစ်တပ် စေလွှတ် တိုက်ခိုက်စေတယ်။ လူတစ်သိန်း ကျရင် လူနှစ်သိန်း ရောက်လာတယ်။ ဒီလိုနဲ့ မြန်မာတွေဟာ (သတ်လို့ မနိုင်ဘဲ) လက်ပန်းကျကုန်တာနဲ့ ရန်သူဟာ မြစ်တစ်ဖက်ကို အောင်မြင်စွာ ကူးတက်နိုင်ပြီး ငဆောင်ချမ်း ကျပါတော့တယ်။

ရှင်ဘုရင် (စစ်ဆင်ရေးကိစ္စ) ဆွေးနွေးတဲ့အခါ ပုဂံက ငယ်ပါတယ်။ မြို့ရိုးမြို့တာလည်း နိမ့်တယ်။ ခုခံကာကွယ်ရေးကို အချိန်ဆွဲပြီး လုပ်နိုင်တဲ့ အစီအမံ မရှိဘူး။ ဒီတော့ အညာဗဒင်းက စပြီး အကြေ ရသာအထိ ခံတပ်လုပ်ရမယ်။ အချိန်မှီ အုတ်၊ ကျောက် လိုသလောက် မရနိုင်။ ဂူ၊ ကျောင်း၊ ဘုရား စေတီ အဟောင်းတွေကို ဖျက်ပြီး အုတ်ယူစေလို့ မိန့်တော်မူလို့ ဂူကြီး တစ်ထောင်၊ ဂူငယ်တစ်သောင်း၊ အုတ်ကျောင်းသုံးရာ ဖြိုဖျက်ခဲ့ကြရတယ်။ ဂူကြီးတစ်ဆူထဲက ကြေးနီပြားနဲ့ အနွန်ရာဇာရဲ့ နိမိတ်ဟောစာကို တွေ့ပါတယ်။ စာအလိုက 'သာမွာဘ' လက်ထက်မှာ ပုဂံပျက်မယ်လို့ ဆိုတယ်။ ဒီတော့ မင်း၊ မိဖုရား၊ မောင်းမတွေကို စစ်ဆေးတော့ မောင်းမတစ်ဦးမှာ ကလေးအမြွှာ မွေးထားတာကို တွေ့ရှိတယ်။ ဒီအခါ ရှင်ဘုရင်က တရုတ်ရန်စစ်ကို တွန်းလှန်ဖို့ ငါ ဘာလုပ်လုပ် ဖြစ်မှာမဟုတ်ဘူးလို့ ဆိုပြီး အကြေအရပ်ကို ရေကြောင်းက ထွက်ပြေးဖို့ စီစဉ်တယ်။ လှေတစ်ထောင်မှာ နန်းစဉ်ရတနာတွေကို တင်ရတယ်။ နောက်တစ်ထောင်မှာ ရိက္ခာစပါး၊ လှေမြန် တစ်ထောင်မှာ အမှုးအမတ်၊ နောက် လှေမြန် တစ်ထောင်မှာ မောင်းမမိဿံတွေကို တင်ရတယ်။ နောက် ကျွန်မိန်းမတွေကို တင်ယူဖို့ လှေမရနိုင်တဲ့အတွက် 'ဒင်းတို့ကို လက်ခြေ ကြိုးတုပ်ပြီး ရေမှာ ချ' လို့ မိန့်တော်မူတယ်။ မင်းဆရာတော် ဟန့်တားလို့ ဒီမိန်းမတွေ မသေ။ လူ၊ ရဟန်း မရွေး၊ ဒီမိန်းမ သုံးရာက နှစ်သက်ရာ ရွေးကောက်ပြီး ယူသွားကြပါတယ်။ ရှင်ဘုရင်က ရွှေဖောင်တော်စီးပြီး ပသိန်အထိ စုန်ဆင်းတယ်။ စစ်သူကြီး အနန္တပစ္စည်းနဲ့ ရန္တပစ္စည်းတို့က ဖလဲမှာ တောင်ခြေကို တန်းပြီး ခံတုတ်နှစ်ဆင့်

mgyoe.com

mgyoe.com
SAMPLE BOOK

> နဲ့ ခံတပ်လုပ်ပြီး (တရုတ်စစ်ကို ကြိုပြီး) စောင့်နေကြရပါတယ်။ ဒီစစ်သူကြီးနှစ်ဦးဟာ အစွမ်းထက်လို့ ရန်သူ့တပ်ထဲကို ခုန်ဝင်၊ ထိုးသတ်၊ ခုန်ထွက်၊ လွတ်မြောက်လာနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တယ်။ အဲဒီလို စွမ်းတာတောင် အနန္တပစ္စည်း ကျဆုံးသွားတဲ့အတွက် ရန္တပစ္စည်းက စည်းကမ်းတကျ တပ်ဆုတ်ပြီး လာခဲ့တယ်။ ပုဂံရောက်တဲ့အခါ ရှင်ဘုရင်က ပြေးနှင့်ပြီဆိုတာ တွေ့လို့ ပသိန်အထိ လိုက်လာတယ်။ ရန်သူကလည်း တရုတ်မျော်အထိ လိုက်ပါလာပြီး ရိက္ခာခဲခက်တာနဲ့ ဆက်မတိုက်ဘဲ ပြန်ကြတယ်။ အဲဒီကစပြီး ရှင်ဘုရင်ကို တရုတ်ပြေးမင်းလို့ ခေါ်ကြတယ်။ (မှန်နန်း၊ ပ၊ ၁၉၆၇ ပြန်ပုံနှိပ်၊ ၃၅၁–၃၅၄)

တရုတ်ဘက်က ဒီအရေး တင်ပြချက်တွေကို စုပြီး ပါမောက္ခ ဂျီ အိပ်ချ် လုစ် (G. H. Luce, 20 January 1889-3 May 1979) က 'မြန်မာ ရာဇဝင်ထဲက ခေတ်ဦးသျှမ်း' ယိုးဒယားသင်းဂျာနယ်၊၄၆၊ ၂ နိုဝင်ဘာ ၁၉၅၈၊ ၁၂၇–၁၇၂) မှာ ဒီလို တင်ပြပါတယ်။

> ပိုင်ယိ (Pai-i – သျှမ်း) တွေက ၁၂၇၁ မှာ ပုဂံကို အညံ့ခံဖို့ သံစေလွှတ်ပါတယ်လို့ ယူနန်အစိုးရကို လွယ်လွယ်နဲ့ ပြောလို့ ရတယ်။ (နောက်တစ်ကြိမ်) ၁၂၇၃ မှာလည်း၊ ကေရာဇ်ရဲ့ ရာဇသံနဲ့အတူ တပ်စေလွှတ်ပြီး နှိမ်နင်းမယ်လို့ ခြိမ်းခြောက်တဲ့အထိ ပြုလုပ်ပါသေးတယ်။ (အဲဒီသံတွေ ယူနန်ကို ပြန်မရောက်ပါ) ယူနန်က ၁၂၇၆ အစီရင်ခံစာမှာ သံတမန်တွေ အကြောင်း သိလိုတဲ့အတွက် လူစေလွှတ်ပေမယ့် ဖုသူပုန်တွေ ရှိနေလို့ မသွားနိုင်ပါ။ သတင်းစကားအရ မြန်မာ (Mien) အထိ သံအဖွဲ့ ရောက်ပါတယ်။ [မြန်မာက ၁၂၇၇ မှာ အဟို (A-ho) ကို လာတိုက်ပြီး နှစ်ရက်ကြာတော့ အရေးနိမ့်ပြီး ဆုတ်ခွာသွားပါတယ်] ဒီလို လာပြီး တိုက်ခိုက်တာမှာ အရှုံးနဲ့ ပြန်ပြေးရတာကို မပြောနဲ့၊ လာတိုက်ရဲတာကိုပဲ ပြောမဆုံးနိုင်

mgyoe.com

mgyoe.com SAMPLE BOOK

အောင် အံ့သြရပါတယ်။ ငါတို့အဖို့ ကြောက်စရာကောင်းတဲ့ ရန်သူတစ်ဦး တိုးအောင် သွားပြီး ရန်မစသင့်လို့ သိဖို့ကောင်း တာပေါ့။ မောင်ဂိုက ဒီတစ်ခါ ခါတိုင်းထက် နှေးနေပါတယ်။ နိုဝင်ဘာ–ဒီဇင်ဘာ ၁၂၇၇ ခုမှာ ယူနန်နယ်ကြီးကို နဆာ အက်ဒင် (Nasired-Din) ကို လူ ၃၈၄၀ ကျော်နဲ့ ယူနန်ပြည်ပ ဆက်သွယ်ရေး လမ်းမကြီးတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ သေနာပတိ ခန့်ထား စေလွှတ်လိုက်ပါတယ်။ သူ့တပ်သားတွေ ထဲမှာ မောင်ဂို၊ တ္ဆုယန် (Ts'uari)၊ ဖော့ (P'o) နဲ့ မိုဆို (Moso) တွေ ပါတယ်။ တာဝန်ကတော့ မိယန် (Mien မြန်မာ) ကို တိုက်ခိုက်ဖို့ ဖြစ်ပါတယ်။ (သူက) ခံတပ် ၃၀၀ ကျော်နဲ့ အိမ်ခြေ ၃၆၂၀၀ ကို သိမ်းယူပြီးပါပြီ။ ရာသီဥတု ပူပြင်းတာကြောင့် ရှေ့မတိုးဘဲ ပြန်ဖို့သာ စဉ်းစားနေတဲ့ နဆာအက်ဒင် (Nasired-Din) ဟာ ငဆောင်ချမ်းကို ရောက်လာဖူးပြီလို့ ထင်ရတယ်။ ရအောင် တိုက်မယူရသေးဘူး ထင်ပါတယ်။ သူ့တပ်မှာ တပ်သား ဆိုတာကတော့ ယူနန်နယ်ထဲက ဆင့်ခေါ်ပေးထားတဲ့ လူတွေ များမယ်။ သူရော ကေရာဇ်မင်းမြတ်ပါ မြန်မာကို တိုက်ရင် ဒီမျှမက အင်အားလိုတယ်လို့ သိပြီးသားပါ။ ၁၂၈၃ နွေဦးပေါက် အထိ လူသစ် ထပ်မဖြည့်နိုင်သေးပါ။ ၂၂ စက်တင်ဘာ (၁၂၈၃) မှာ သူ့တပ် အင်အားကို မသိရပေမဲ့ သူဟာ အဲဒီတပ်နဲ့ ယူနန်ဖု (Yunnan Fu) က စတင် ချီတက်လာပါပြီ။ ၂ နိုဝင်ဘာ (၁၂၈၃) မှာ နန်တိန် (Nan Tieri) ကို ရောက်တယ်။ အဲဒီတပ်မကို သုံး စိတ် ပိုင်းလိုက်တယ်။ တိုင်ပု (T'ai-pu) က လောပိတိယန် (Lo-pi tien, မိုင်းဟုမ် Mong Hum) လမ်း၊ ချီတက်ရတယ်။ ၂၂ နိုဝင်ဘာ (၁၂၈၃) မှာ ယဂန်တိဂျင် (Yagan-tigin) က အဆိ (A- hsi, နမ်တိ Nam Ti) နဲ့ အဟို (A-ho, တဖိန် Ta-p'ing) ကြောင့် ကျဲန်ရှိ (Chen-hsi, ကန်ယဲန် Kan-yai) ကို ဖြတ်ပြီး ချီတက်ရတယ်။ သူက ကျိုင်တို့ (Chiang-t'ou) မြစ် ကို စိုးမိုးအုပ်စီးနိုင်အောင် လှေအစင်း ၂၀၀ စပ်ထားဖို့ အမိန့်

mgyoe.com

mgyoe.com SAMPLE BOOK

ပေးထားပါတယ်။ သေနာပတိ စန်ဂ် (Sang quder) မင်းသားက တဖိန် (Ta-p'ing) မြစ်မြောက်ဘက် ဖောက်တီယန် (P'iao-tien) လမ်းကြောင်းအတိုင်း (မြန်မာဘက်ကို) ဆင်းမယ်လို့ ဆုံးဖြတ်ပါတယ်။ ၃ ဒီဇင်ဘာ (၁၂၈၃) မှာ လမ်းသုံးသွယ်နဲ့လာတဲ့ တပ်တွေဟာ (တရုတ်မှတ်တမ်းက အတိအကျ မဖော်ပြပေမဲ့ ကျွန်တော့်အထင်) ပြန်စုပေါင်းပြီး အရေးပါတဲ့ (ငဆောင်ချမ်း) ကို တိုက်ကြပါတယ်။ ၉ ဒီဇင်ဘာ (၁၂၈၃) မှာ ကျန်တို့ (Chiang-t'ou) မြို့တော်ကို သိမ်းယူတယ်။ တိုက်ပွဲမှာ လူ တစ်သောင်းကျော် သတ်လိုက်နိုင်တယ်။ စစ်သားထဲက အစွမ်းထက်မြက်တဲ့ လူတစ်သောင်းကိုလည်း သုံ့လူအဖြစ်နဲ့ ဖမ်းလိုက်တယ်။ ဒီ ပထမအစီရင်ခံစာနဲ့အတူ မြေပုံတစ်ပုံပါ ထည့်ပြီး ဧကရာဇ်ကို ၅ ဖေဖော်ဝါရီ ၁၂၈၄ မှာ ဆက်သပါတယ်။ အစီရင်ခံစာမှာ (ယူနန် အာဏာပိုင်တွေက) မိယန် (Mien) မင်းကို ဆင့်ခေါ်တဲ့ သံအရာရှိတွေကို လွှတ်ပေမဲ့ စကားပြန်မရပါလို့ ထည့်သွင်းလိုက်ပါတယ်။ ... ပုဂံက မြန်မာတွေက ကျူးကျော်သူ အားလုံးကို တရုတ် (Taruk) လို့ ခေါ်တယ်။ (ရပ်ရွာဒေသ အလိုက်) အရပ်သားကို စစ်မှုထမ်းဖို့ ခေါ်တဲ့အခါ မောင်ဂိုတပ်မကြီးမှာ အများစုက တာ့စ်မျိုးတူစု (tribes) တွေဖြစ်လို့ ဒီလို ခေါ်လိုက်ကြတာ ဖြစ်နိုင်ပါတယ်။ ပုဂံ မြန်မာတွေက အလွယ်တကူ အညံ့မခံပါ။ ၁၀ မေ ၁၈၄၈ မှတ်တမ်းမှာ 'ကျူဒုဂ် တမာ (Quduq Tamar) တပ်ဟာ မိယန် (Mien) သူပုန်တွေကို ဝင်တိုက်တဲ့အခါ ရှုံးတယ်'လို့ ရေးထားတာ ဖတ်ရပါတယ်။ စစ်ကူ ထပ်ပို့ရပါတယ်။ ၁၃ ဩဂုတ် (၁၂၈၄) မှာ ထင်ယွဲ့ (T'eng-yueh)၊ ယုန်ဂ်ကျန် (Yung-Ch'ang) နဲ့ လောပိတန် (Lo-pi-tan) က လူတွေတောင် ချောက်ချားနေပါတယ်။ တစ်နှစ်အကြာ ၂၆ ဩဂုတ် ၁၂၈၅ ယူနန်အစီရင်ခံစာမှာ မိယန် (Mien) ကို သွားတိုက်ဖို့ အချိန်မရလိုက်ပါလို့ တွေ့တယ်။ အဲဒီ ၁၂၈၅ ခုနှစ်မှာ ဘုရင်နရသီဟပတေ့က နောက်ထပ် စစ်ကြီး မလာ

mgyoe.com

mgyoe.com SAMPLE BOOK

အောင် အသုံ့ခံတော့မယ်လို့ ဆုံးဖြတ်ပါတယ်။

ငြိမ်းချမ်းရေးတမန်အဖြစ်နဲ့ မြန်မာဘုရင်က စေလွှတ်ခဲ့ပုံကို ဒိသာပါမုက် ကျောက်စာမှာ တွေ့နိုင်ပါတယ်။ ဒီ ငြိမ်းချမ်းရေးအကြောင်းကို မပြောခင် မင်းနန်သူကျောက်စာတစ်တိုင် (ဓာတ်ပုံ ၂၇၇ *တိုင်းရင်းမြန်မာ ကျောက်စာ*) မှာ ပါရှိပုံကို ရှေးဦးစကားအဖြစ်နဲ့ ပြောလိုပါတယ်။

> အမတ်ကြီး ဣန္ဒပစ္စယာဟာ ၁၂၇၈ ခုနှစ်မှာ ဘုန်းကြီးလှစွာသော မဟာကဿပကျောင်းတိုက်မှာ (ဆရာတော်အတွက်) သီးသန့်ကျောင်း မရှိလို့ ဆောက်လုပ်လှူဒါန်းမယ်ဆိုပြီး အစီအစဉ်တွေ လုပ်ပါတယ်။ ကျောင်းဆောက်ဖို့ နေရာရွေးချယ်ပြီး ပထမဦးဆုံး အရုံအတားဖြစ်အောင် တံတိုင်းခတ်ပါတယ်။ ခြံခတ်လို့ မပြီးမီ ဣန္ဒပစ္စယာကို ငဆောင်ချံ (ခံမြို့) ကို စေလွှတ်လိုက်လို့ သွားရစဉ် ပြည်အလုံး ပျက်စီးခြင်း ကြုံတွေ့ရပါတယ်။

အခုပြောတဲ့ ငဆောင်ချံဟာ အလောင်းစည်သူ (ဒုတိယစည်သူ ၁၁၆၀–၁၂၁၁) လက်ထက်က စပြီး (ပုဂံ) နိုင်ငံတော်ရဲ့ မြောက်စွန်းမြို့စွန်မြို့ဖျား နယ်နိမိတ် ဖြစ်မယ်လို့ ထင်ရပါတယ်။ မြောက်ပိုင်းမြန်မာဒေသ အုပ်ချုပ်ရေးဌာနကတော့ (ငဆောင်ချမ်းအနား) ကောင်းစင် ဖြစ်ပါတယ်။ ဣန္ဒပစ္စယာဟာ စိတ်ချယုံကြည်ရပြီး အရည်အချင်းပြည့်စုံတဲ့ပုဂ္ဂိုလ် ဖြစ်လို့ အခုလို အရေးပါတဲ့ ခံမြို့ကို စီမံအုပ်ချုပ်ခွင့်ရတာ ဖြစ်တယ်လို့ ထင်ပါတယ်။ ငဆောင်ချမ်းကို (မောင်ဂို တိုက်တော့) သူ မသေမပျောက် ကျန်ခဲ့ပေမဲ့ မင်းမှုထမ်း မလုပ်တော့ဘူးလို့ ထင်ရပါတယ်။ ငဆောင်ချမ်းကို မောင်ဂိုတွေက ၃ ဒီဇင်ဘာ ၁၂၈၃ မှာ သိမ်းလိုက်တယ်။ ကောင်းစင်က ၉ ဒီဇင်ဘာ ၁၂၈၃ မှာ ကျတယ်။ မောင်ဂိုတွေ တောင်ဘက်ကို တကောင်းထိအောင် ဆင်းပြီး တကောင်းကို ဇန်နဝါရီ ၁၂၈၄ မှာ သိမ်းပါတယ်။ အဲဒီနောက် မြောက်ပိုင်းမြန်မာကို တရုတ်ပြည်နယ် ကျန်ဂ်မိယန် (Cheng-mien) လို့ ကြေညာလိုက်ပါတယ်။ မြန်မာက

mgyoe.com

mgyoe.com SAMPLE BOOK

ငြိမ်းချမ်းရေးတောင်းဖို့ သျှင်ဒိသာပြမုက် (ဒိသာပါမောက္ခ) ခေါင်းဆောင် စေပြီး သံအဖွဲ့တစ်ခုကို စေလွှတ်တယ်။ မောင်ဂိုကေရာဇ်ကို လွှတ်လိုက်တဲ့ စစ်တပ်ကို ရုပ်သိမ်းပေးပါလို့ ပြောနိုင်တဲ့အတွက် သံအဖွဲ့ဟာ အောင်မြင်တယ်။ ဒီအဖြစ်အပျက်ကို ဒိသာပြမုက်က အခုလို မှတ်တမ်းတင်ခဲ့ပါတယ်။

၁။ နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။
သကရစ် ၆၄၇ ခု (၂၇ မတ် ၁၂၈၆) မြိက်

၂။ (သို)ဝ်နှစ်။ ပြည်အနောက်ဖက်လှည်ကွ္ဒန္ဓိုက် မင်းကြီးနိယ်တဝ်မှု ၏။ အနန္တပစ္စည် မ

၃။ (ဟာ) ပိုဝ်ကိုဝ် နင်တိုဝ် တရုက်၏ အလာအလာကိုဝ် သိညြင် မူလိယ်ဟု စိယ်တ်မူ၏။ အနန္တ

၄။ (ပိ)စည် မဟာပိုဝ် ဆိုဝ်၏။ ဤအမှုကာ ကြီစွာ။ တုဝ်ကဝဲလေ လွှတ်ရသည် မဟိ သုဝ

၅။ (ဏ္ဍ) လိပ်ပွ္ဒအံသည် သူလေ မဟိ။ သျှင်ဒိသာပြမုက်တေပါမူ ကာ အမှုဆောင်နိုင်အံ

၆။ (။) ဤသိုဝ်ဟု ပန်ရကာ ငါကိုဝ် ခဝ်ရုယ်မင်ကြီး ဤအမှု နှင်၏။ (ပုံ ၂၇၁[၁-၆])

သစ်ဆိမ့်နဲ့ ဟလင်းကို ရောက်တဲ့အခါ ရှေ့ခရီးမဆက်နိုင်ဘဲ နည်းနည်း ကြန့်ကြာရပြန်တယ်။ တရုက်မင်းဆီကို ရွှေစာရေးပြီး ကြိုတင်ပေးဆက်ရပါတယ်။ တရုက်မင်းက ဒီစာဟာ ရှင်ဘုရင်ကိုယ်တိုင် ရေးတဲ့စာ မဟုတ်။ အရှင်သူမြတ်လည်း မင်းရဲ့သံတမန် မဟုတ်ပါ။ ဒါပေမဲ့ လွှတ်လိုက်ပါဆိုတာနဲ့ ခရီးဆက်ရတယ်။

ပုဂံမင်းကြီးက စေခိုင်းတဲ့အခါ ရဲရဲသွားပါလို့ 'မင်တိုဝ်ကာတန်မန် ကိုဝ်မချုပ်ရာ'လို့ ပြောတဲ့အတွက်ကြောင့်လည်း ခရီးဆက်တာ ဖြစ်တယ်။ ဒီလိုနဲ့ တရုက်မင်းဆီကို ရောက်သွားပါတယ်။ တရုက်မင်းက ပုဂံကို တိုက်ခိုက်သိမ်းပိုက်ဖို့ မင်းသား သုသုတ္တကိ (Susuttattaki) ကို စစ်သည်

mgyoe.com

mgyoe.com SAMPLE BOOK

သူရဲ နှစ်သောင်းနဲ့ လွှတ်လိုက်တာမှာ (ဗုဒ္ဓသာသနာပြုရန်ဆိုတဲ့ အကြောင်းလည်း ပါတာကြောင့်) ပုညဓမ္မိကမဟာထေရ၊ ဂုဏဓမ္မိက သင်္ဃာထေရတို့က ဘုန်းကြီးကျောင်း ခုနစ်ဆယ်က သံဃာအများကို ခေါ်ဆောင်ပြီး ကြွလာခဲ့ရာ မိုးရာသီ ကြုံတာနဲ့ သင်းတွယ် (တကောင်း) မှာ ခေတ္တ (ဝါကပ်) နေကြပါတယ်။ သင်းတွယ်ကို ရောက်သွားတော့ အခုပြောတဲ့ သံဃာတွေက ရှင်ဒိသာပြမုက်ကို လက်ဆောင်ပစ္စည်းတွေ ပေးပြီး –

> ငါသျှင်ကိုဝ်တေ မင်တင်ကစွ၊ မင်လေ သဒ္ဓါစွ၊
> ပုကံသာသနာကို ငါတိုဝ်မ္ပပြုရ
>
> (ပုံ ၂၇၁^၁၆-၁၇^)

စစ်လန့်ပြီး ပြေးပုန်းကြလို့ ပုဂံမှာ လူသူမရှိ။ ဒါကြောင့် သာသနာပြုစရာ လူမရှိ။ (ပုဂံပြည်သူတွေကလည်း တကယ်တော့ ဗုဒ္ဓသာသနာမှာ သက်ဝင်ယုံကြည်ပြီးဖြစ်လို့ သာသနာပြုကိစ္စ ဆောင်ရွက်ရန် မလို) ဒါကြောင့် မောင်ဂိုဧကရာဇ်က သူတို့ကို ကိုယ့်ကျောင်း ကိုယ် ပြန်ခွင့်ပြုပါလို့ ပြောပေးစေချင်တယ်။ သင်းတွယ် (တကောင်း) က ခရီးဆက်ပြန်တော့ ယဆည် (? Yuchi, Lo-te'u district) ကို ရောက်တယ်။ ဝါဆိုချိန် ကြုံကြိုက်ပြန်လို့ ဝါဆိုနေရတယ်။ ဝါကျွတ် (နိုဝင်ဘာရောက်) မှ ခရီးဆက်ရပြီး တယ်တု (T'ai-tu ... anbaliq၊ ဧကရာဇ်နန်းစိုက်ရာ မြို့တော်) ကို ပြာသို (ဒီဇင်ဘာ) မှာ ရောက်သွားတယ်။

တရက်မင်းရှေ့တော် ဝင်ရတယ်၊ သူ မေးချင်တာ မေးတာကိုပဲ ဖြေရတယ်။ တိုင်းရေးပြည်ရေး မဆွေးနွေးရပါ။ နောက်မှ တိုင်းရေးပြည်ရေး ပြောရတယ်။ ပဏ္ဍိတ် အခုလွှတ်တဲ့ လူနှစ်သောင်းနဲ့ သံဃာတွေက သာသနာပြုဖို့ ဖြစ်တယ်လို့ ပြောတော့ (ဘုန်းကြီးက) အရှင်မင်းကြီး၊ စစ်သည်နဲ့ ရဟန်းတွေ စေခိုင်းတဲ့အတိုင်း ဆောင်ရွက်ဖို့ (စားစရာ) စပါး ရှိမှ ဖြစ်မယ်၊ နိုင်ငံမှာ မရှိမဖြစ် လိုအပ်တာက စပါးဖြစ်တယ်။ စားစရာ (ဆန်) မရှိရင် ထန်းကို စဉ်းပြီးသာ စားကြမယ်ဆိုရင် ဝမ်းသွားပြီး သေဖို့သာ ရှိပါတယ်။ တောကိုပြေးတဲ့ ရဟန်း၊ ရှင်၊ လူလည်း မြို့တော်ကို

mgyoe.com

mgyoe.com SAMPLE BOOK

ပြန်ဝင်ပါစေ။ တောမှာကြာရင် သေကုန်မယ်။ အခုအတိုင်း အရှင်မင်းကြီး အလိုဆန္ဒ မပြည့်နိုင်ပါ။ ဥယျာဉ်စိုက်သူဟာ သစ်ပင်တွေ ရှင်သန်အောင် ရေလောင်းရပါတယ်။ အသီးအပွင့်ရှိပြီဆိုမှ ခူးစားနိုင်ပါတယ်။ အခုလည်း တန်ပြာတိတ် (? တမ္ပဒီပ) ကို ရေလောင်းပါ။ ဒီနိုင်ငံဟာ ငယ်ပါသေးတယ်။ ဒါပေမဲ့ (ဗုဒ္ဓသာသနာ) ထွန်းကားရာဖြစ်လို့ နှစ်သက်ဖွယ် ရှိပါတယ်။ အဖ ဂေါတမဘုရား သာသနာတည်ရာကို မပျက်စေရ၊ အရှင်မင်းမြတ် ပိုင်နက် ကြီးမားတာနဲ့စာရင် ဒီတိုင်းပြည်ကလေးက အင်မတန်သေးငယ်ပါတယ်။ မင်းကြီးက နှစ်သက်ကြည်ဖြူစွာ ကူညီပါမှ သာသနာ ဆက်လက်ထွန်းကားမှာဖြစ်လို့ စစ်သားတွေ လွှတ်မယ့်အစား စစ်သားတွေ ရုပ်သိမ်းပြီး လူတွေကို ကောက်၊ ပဲ စိုက်ခွင့်ပေးပါ။ ကောက်၊ ပဲ ဖြစ်ထွန်းပြီဆိုရင် မင်းကြီး ကြွလာပါတော့လို့ ပြောတဲ့အခါ တရုတ်မင်းကြီးက –

> ဤစကားတွင် ငါဖိုဝ်လေပါ၏။ ပဏ္ဍိလာရုယ် ပွိယ်ပွိယ် သသျှင် တိုဝ်ကိုဝ် ခဝ်လိယ် ကောက်ငယ်လေ စိုက်လိယ်။ ပြီပီသော ငါကိုဝ် လွှတ်လတ်တုံ

(ပုံ ၂၇၁^၃၃-၃၄)

ဒီစကားအရတော့ ရှင်ဒိသာပြမုက် ပုဂံကို ပြန်ခွင့်ရတယ်။ (ငြိမ်းချမ်းရေး ရပြီပေါ့) ပုဂံမင်းကြီးက ကျေးဇူးတင်လို့ ဘုန်းကြီးကို မြေပယ် ၄၀၀ (၁၁၀၀ ဧက၊ ၄၄၅.၅ ဟက်) ကို ကြံတု (မုံရွာ အမြင့်အနိမ့်နယ်) က အစွတ်အခြောက် စိုက်ခင်းတွေနဲ့တကွ ကျွန်၊ ကျွဲ၊ နွားလည်း ပေးတယ်။ ဒါတွေအားလုံးကို ဘုန်းကြီးက ရတနာသုံးပါးနဲ့ ပန်းပွတ်ရန်စေတီကို လှူပါတယ်။

ဒိသာပြမုက်ကျောက်စာကို အားကိုးပြီး မြန်မာရာဇဝင်ပါ စကားအချို့ကို ပြင်ဆင်နိုင်တယ်။ တချို့နေရာမှာ ထပ်ဖြည့်ပြောစရာ ရှိတယ်။ ပထမအချက် ပြောရမှာက ၁၂၇၃ က တရုတ်သံအဖွဲ့ကို မြန်မာရှင်ဘုရင်က သတ်စေခိုင်းတာ မဖြစ်နိုင်ဘူး။ သူ အပြန်လမ်းမှာ နယ်ခြားသူပုန်နဲ့

mgyoe.com

mgyoe.com SAMPLE BOOK

တွေ့လို့ ပျက်စီးကြတာလည်း ဖြစ်နိုင်တယ်။ ဒုတိယအချက်က ပုဂံမင်းဟာ ပုသိမ်ကိုပြေးတာ မဟုတ်။ ပြည် (ပုဂံ၊ ပြေ) ရဲ့ အနောက်ဘက်လှည်းကျမှာ ရှိနေတာ ဖြစ်တယ်။ တတိယအချက်က မောင်ဂိုဇကေရာဇ်ဆီကို ရှင်ဒီသာပြမုက်ကို လွှတ်လိုက်လို့ ငြိမ်းချမ်းရေး ရခဲ့တယ်။ ဒါတွေဟာ ကျောက်စာက ရတဲ့ အသိသစ်၊ အချက်သစ်တွေ ဖြစ်ပြီး ရေးပြီးသား ရာဇဝင်တွေကို ပြင်ရမှာ ဖြစ်ပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

ပဒုံမင်း ၂၇ အောက်တိုဘာ ၁၇၈၅ က ဆင့်ထိုးထားခဲ့ပြီးမှ ပျောက်ဆုံးနေတဲ့ ၁၀ စက်တင်ဘာ ၁၂၂၃ ရက်စွဲပါ ကျောက်စာမူရင်းကို ပြန်လည်တွေ့ရှိခြင်း[၁]

မြန်မာ ရှေးဟောင်းသုတေသနဌာနက ၁၉၉၆–၁၉၉၇ ဘဏ္ဍာရေးနှစ်အတွင်း ပုဂံဝန်းကျင်မှာ ရှေးဟောင်း ဂူကျောင်းစေတီ ၁၂၀ ကို ပြင်မယ်၊ ကုန်းဟောင်း ၁၇၅ ခုကို တူးဖော်မယ်လို့ သတ်မှတ်ခဲ့ပါတယ်။ တူးဖော်ပြင်ဆင်တဲ့အခါ နားလည်တတ်ကျွမ်းသူက မျက်ခြည်မပြတ်စောင့်ကြပ်ဖို့ လိုတယ်။ ဒီလို လုပ်နိုင်သူ ပုဂံရုံးခွဲမှာ တစ်ယောက်၊ နှစ်ယောက်ထက် မပိုဘူး။ အလုပ်က အဆမတန် ကြီးပြီး လုပ်ချိန်ဟာ မတန်တဆ နည်းတယ်။ ပြောတဲ့အတိုင်းဖြစ်ဖို့ ခပ်သုတ်သုတ် လုပ်ကြရမှာ ဖြစ်တယ်။ ပြင်ဖို့ သတ်မှတ်တဲ့ ဘုရားအဆူ ၁၂၀ ထဲက ၅၉ ဆူကို ဩဂုတ် ၁၉၉၆ မှာ ပြင်ပြီးပြီ။ တူးဖော်ဖို့ကုန်း ၁၇၅ ခုထဲက ၁၃၅ ခုလည်း ဒီဩဂုတ်လထဲမှာ တူးပြီးတယ်။ မြင်းကဗာကုန်း ၂/၇၅ ကို ၂၉

၁။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ပညာအသင်း အစည်းအဝေးတွင် ၁၆ ဇန်နဝါရီ ၁၉၉၇ နေ့က အင်္ဂလိပ်ဘာသာနဲ့ ဖတ်တယ်။ သဘာပတိ သန်းထွတ် (တိုက်စိုး)

– ယဉ်ကျေးမှုမဂ္ဂဇင်း၊ အမှတ် ၁၊ ဧပြီ ၁၉၉၇၊ ၉၄–၁၀၆။

mgyoe.com

mgyoe.com

ဧပြီ ၁၉၉၆ မှာ စတူးဖော်တယ်။ ၄ မေ ၁၉၉၆ မှာ ပြီးစီးပြီလို့ အစီရင်ခံတယ်။ အဲဒီလို အတင်း တက်သုတ်ရိုက်လုပ်တဲ့အထဲက ကောင်းကွက်ကို ရှာရင် အရင်က မြေမြှုပ်လို့ ပျောက်သွားတဲ့ ကျောက်စာတချို့ ပြန်ပေါ်လာတယ်ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ ဒီအခွင့်အရေးရလို့ ကျွန်တော်တို့ ဝမ်းသာ ရပါတယ်။ ခုလို 'လျှပ်တစ်ပြက် တူးဖော်ရေး'သာ မလုပ်ရင် ဒီအခွင့်အရေးမျိုးရဖို့ နှစ်ပေါင်း ဘယ်လောက်ကြာကြာ စောင့်ရမယ်လို့ မခန့်မှန်းနိုင်ပါ။ ပထမဦးဆုံး ဖော်ပြ ပြောဆိုချင်တာက ၁၀ စက်တင်ဘာ ၁၂၂၃ ရက်စွဲပါ မြန်မာဘာသာနဲ့ ရေးထိုးထားတဲ့ မျက်နှာဘက်စာကြောင်း ၂၅၊ ကျောဘက်စာကြောင်း ၂၈ ရှိတဲ့ ကျောက်စာ ဖြစ်ပါတယ်။ ဘုန်းတော်ကြီးကျောင်း ပိဋကတ်တိုက်ကို နားတောင်းများမင်း ၁၂၁၁–၁၂၃၁ လက်ထက် လှူတဲ့ ကျမ်းစာရင်း ဖြစ်ပါတယ်။ ဒီကျောက်စာကို ဗဒုံမင်းက ၂၇ အောက်တိုဘာ ၁၇၈၅ မှာ ရေးကူးပြီး ဆင့်ထိုးကျောက်စာ နှစ်မျက်နှာ ထားခဲ့တယ်။ ရှေးဟောင်းသုတေသနရုံးက ၁၈၉၇ မှာ ပုံနှိပ်စာအုပ် (ဘိုးတော် ၂၊ ၇၈၉–၇၉၀) မှာ ထည့်သွင်းပုံနှိပ်ခဲ့တယ်။ မြန်မာနိုင်ငံမှာ တွေ့ရှိသမျှ ကျောက်စာစာရင်းအရ အမှတ် ၁၈၇–၁၈၈ ဖြစ်တယ်။ အင်မတန် တွေ့ရခဲတဲ့ ပိဋကတ်စာရင်းပါလို့ မူရင်းကို ခုခေတ် ရှာမရတော့လို့ ဆင့်ထိုးကိုပဲ အကောင်းထားပြီး အားကိုးတစ်ခုအဖြစ်နဲ့ သုံးခဲ့ရပါတယ်။ မကြာမီက ကျွန်တော် ဖတ်ခဲ့တဲ့ ပုဂံပိဋကတ်တိုက်များ (ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ပညာအသင်း အစည်းအဝေးတွင် အင်္ဂလိပ်ဘာသာဖြင့် ၂၅ ဇူလိုင် ၁၉၉၆ က ဖတ်၍ *ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ပညာ ငွေရတုမဂ္ဂဇင်း* ၁၉၇၁–၁၉၉၆၊ စာမျက်နှာ ၂၀၅–၂၁၄ တွင် ပုံနှိပ်ပြီး) စာတမ်းထဲက ကျမ်းစာရင်းကို အခုပေါ်လာတဲ့ ကျောက်စာနဲ့ တိုက်ဆိုင်ပြီး ပြင်ဆင်ဖြည့်စွက်ရမှာ ဖြစ်ပါတယ်။ ကျောက်စာကို အခုလို ပြန်တွေ့တဲ့ အခါ ကျွန်တော်တို့ ချက်ချင်း ဖတ်တယ်။ မင်ကူးပုံ ယူတယ်။ ကျမ်းအမည်တွေကို စစ်ဆေးပေးပါ။ ဗုဒ္ဓကျမ်း မဟုတ်ရင်လည်း သိသလောက် ဘာကျမ်းဖြစ်မယ်ဆိုတာ ဖော်ထုတ်ပေးပါလို့ အကူအညီတောင်းရပါတယ်။ အခုလို လေ့လာခွင့်ပေးတဲ့ ရှေးဟောင်းသုတေသနဌာနကို ကျေးဇူး အများကြီး တင်ပါတယ်။ ယခုလတ်တလော တူးဖော်ရာက ပေါ်လာ

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ အခြားကျောက်စာတွေကို တစ်ပါတည်း လေ့လာခွင့်ပေးတဲ့အတွက် လည်း ကျေးဇူးတင်ပါတယ်။ ကျောက်စာတွေကို ဖတ်ပြီး ခေတ်မြန်မာ အက္ခရာ ဖလှယ်ပြီး ဒီစာတမ်းမှာ 'နောက်ဆက်တွဲ – ၁' အနေနဲ့ ထည့် သွင်း ဖော်ပြလိုက်ပါတယ်။

ဘိုးတော်ဘုရား ဆင့်ထိုး ကျောက်စာသာ ကျန်တယ်။ မူရင်း ပျောက်ဆုံးပြီထင်ခဲ့တဲ့ ကျောက်စာကို အခု ပုဂံကုန်းအမှတ် ၁၅၈ မှာ တူးဖော်တွေ့ရှိတယ်။ ကျောက်စာထဲမှာ အလှူရှင်က သင်္ခိုင်သိဃ်ဝိရ်သုရ်ဇ္ဇ ဗိုလ်နဲ့ အဖခင်ဥန် သုရ်ဇ္ဇဗိုလ်တို့ ဖြစ်သည်။ သားဖြစ်သူက ဘုန်းတော် ကြီး ကျောင်းတိုက်တစ်ခု တည်ဆောက်လှူဒါန်းပြီး ကျောင်းမှာ ဗုဒ္ဓရုပ် ပွားတော် တစ်ဆူကို ၁၀ စက်တင်ဘာ ၁၂၂၃ မှာ တည်ထားကိုးကွယ် တယ်။ ကျောင်းတိုက် ထောက်ပံ့ရေးအတွက် မြေနဲ့ ကျွန်တွေလည်း လှူ တယ်။ အလှူလယ်ရဲ့ အကျယ်အဝန်းကို ပြောတဲ့အခါ ပြောမြဲဖြစ်တဲ့ ပယ် (၁.၇၅ ဧက) ကို မသုံးဘဲ နာမိုင်ကို သုံးတယ်။ (နာမိုင်ဟာ နိမိတ်၊ နိမိတ္တက ဆင်းသက်လာတာ ဖြစ်လေမလား တွေးစရာ ရှိပါတယ်။ သန်း ထွန်း ၁၉၆၉၊ ၁၇၄ ကြည့်ပါ) အဘဖြစ်သူ သုရ်ဇ္ဇဗိုလ်ကလည်း (၃၁ ဒီဇင်ဘာ ၁၂၂၀ က) ဘုရားကို ဆရာတော် ရတနာသာဂရ၊ ဗုဒ္ဓသီရိ၊ သပ္ပုရိသ၊ ဥတ္တမရာဇပဏ္ဍိတနဲ့ ဥတ္တမရာဇကဝိတို့ ရှေ့မှောက်မှာ ဥယျာဉ် တွေ လှူခဲ့တယ်။ သားဖြစ်သူရဲ့ အလှူမှာတော့ အနုမောဒနာပြုစဉ်က ဆရာတော် ဓမ္မသီရိ (ပြေ)၊ စလေဆရာတော်၊ သမားဂင်္ဂါနန္ဒိသား၊ ဥလုံး၊ ဥလုံမြေး အနန္တရစ်သမီး၊ ငါမွိယ်။ အပ္လေါင်အိုဝ်ပါသင်၊ အိုဝ်မလိယ်သင်၊ အိုဝ်ချတ်ဖွယ်သင်၊ သင်ငယ်အစ်ကိုဝ်နဲ့ ငါချံသင်တို့ ပါတယ်။ သခင် သုရ်ဇ္ဇဗိုလ်က ၁၁ ဇန်နဝါရီ ၁၂၂၁ မှာ မြေနဲ့ ကျွန်ကို သာသနာ့ အလုပ် အကျွေးအဖြစ် ထပ်ပြီး လှူပြန်တယ်။ အဲဒီအခါ အသိသက်သေတွေက ပြေဆရာတော် ဓမ္မသီရိ၊ စယဗိုလ်၊ သင်ကြီငါစံပယ်၊ ငါသူခါသင်းနဲ့ သားမြေးအပ္လေါင် ကျွန်တွေ ဖြစ်တယ်လို့ ဆိုပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သခင်သုရိန္ဒမိုလ်နဲ့ သား သခင်ဝိရိသုရိန္ဒမိုလ်တို့ ဘုရားကြီးကျောင်းကို လှူသော ကျွမ်းစာရင်း

အလှူရှင် သခင် သုရိန္ဒမိုလ်	အလှူရှင် သခင် ဝိရိသုရိန္ဒမိုလ်	မှတ်ချက်
အနာဂတဝင်		မေတ္တယျ ဘုရားအလောင်း အကြောင်း
အဘိဓမ္မာ	အဘိဓမ္မာ	
အမတာဓာရ		
အင်္ဂုတ္တရနိကာယ	အင်္ဂုတ္တရနိကာယ	
	ကုင်္ဋိကာ	ဘာအကြောင်းအရာလို့ မသိ
ကစ္စယ်	ကစ္စယ်	သဒ္ဒါကျမ်း
ခုဒ္ဒကနိကာယ	ခုဒ္ဒကနိကာယ	
	ဂြန္ထပိုက်	ဘာအကြောင်းအရာလို့ မသိ
စူဠသန္ဓိ	စူဠသန္ဓိ	သဒ္ဒါကျမ်း
	ဇာတကဖြည်	ဖြစ်တော်ပေါင်း အညွှန်း
ညာယ (နျာသ)		သဒ္ဒါကျမ်း
တထကထုပ္ပတ္တိ		ဗုဒ္ဓဝင်
ဒီဃနိကာယ	ဒီဃနိကာယ	
ထုပဝင်		သီရိလင်္ကာ၊ အနုရာဓပုရရှိ ဒုဋ္ဌဂါမနိမင်း ကောင်းမှု မဟာထူပအကြောင်း
နေတ္တိပ္ပကိုရ်		ပြာကရိုက်ဘာသာအကြောင်း
ဗောဓိဝင်		ဘုရားအဆူဆူ ပွင့်တော်မူရာ ဗောဓိပင်အကြောင်း
	ဗျာချန်	ဘာအကြောင်းအရာကို မသိ

mgyoe.com

mgyoe.com
SAMPLE BOOK

အလှူရှင် သခင် သုရိန္ဒမိုလ်	အလှူရှင် သခင် ဝိရိသုရိန္ဒမိုလ်	မှတ်ချက်
မဟာတေရဋီကာ	မဟာတေရဋီကာ	တေရသကဏ်မဟာဋီကာ (၁၃ ခန်း)
မဟာနမက္ကာရ်	မဟာနမက္ကါရ်	ဘုရားရှိခိုး ၃၃ ဂါထာ
မဟာနိရုတ်		သဒ္ဒါကျမ်း
မဟာဝင်		မဟာသမ္မတက စပြီး မင်းစဉ်မင်းဆက်
မိလိန္ဒပဉှာ		မိလိန္ဒ မေး ရှင်နာဂသိန် ဖြေ
မဇ္ဈိမနိကာယ	မဇ္ဈိမနိကာယ	
မည္ဆုသဋီကာ	မည္ဆုသဋီကာ	မရမတ္တမည္ဆုသာ၊
	လက္ခဏာ	လက္ခဏာကျမ်း
ဝိနယ	ဝိနယ	
ဝိသုဒ္ဓိမဂ္ဂ	ဝိသုဒ္ဓိမဂ္ဂ	နိဗ္ဗာန်ရောက်ကြောင်းခရီး
သယုံတ္တနိကာယ	သယုံတ္တနိကာယ	
သံဗျင်ဋီကာ	သံဗျင်ဋီကာ	သဒ္ဒါကျမ်း
သန္ဓိဝိသောဓနာ	သန္ဓိဝိသောဓနာ	သဒ္ဒါကျမ်း

(ဒီစာရင်းပါ ကျမ်းတို့အကြောင်း ဦးငြိမ်းမောင်က ရှင်းပြပါတယ်)

mgyoe.com

mgyoe.com SAMPLE BOOK

ဒီစာရင်းမှာ ဒီဃ၊ မၛ္ဈိမ၊ သံယုတ္တ၊ အင်္ဂုတ္တနဲ့ ခုဒ္ဒက နိကာယ်ငါးကျမ်းရယ် ဗုဒ္ဓဝင်၊ နေတ္တိပကရဏနဲ့ မိလိန္ဒပဉှာ ကျမ်းတွေလည်း သုတ္တန်ဒေသနာထဲမှာ ထည့်ထားတယ်။ ပါရာဇိက၊ ပါစိတ္တိ၊ မဟာဝဂ္ဂ၊ စူဠဝဂ္ဂနဲ့ ပရိဝါရ၊ ဝိနည်းငါးကျမ်းလည်း ပါတယ်။ ဓမ္မသင်္ဂဏီ၊ ဝိဘင်္ဂ၊ ကထာဝတ္ထု၊ ပုဂ္ဂလပညတ္တိ၊ ဓာတုကထာ၊ ယမကနဲ့ ပဋ္ဌာန၊ အဘိဓမ္မာ ခုနစ်ကျမ်းလည်း ပါတယ်။ ဋီကာမှာလည်း ကုဋီကာ (ဘာကျမ်းမှန်း မသိ) အပြင် မဟာထေရ၊ မဓုသာရ၊ သံပျင်ဋီကာတွေလည်း ပါတယ်။ ဝံသအနေနဲ့ အနာဂတဝင်၊ တထကထုပ္ပတ္တိ၊ ထူပဝင်၊ ဗောဓိဝင်ဆိုတဲ့ ကျမ်းတွေလည်း ပါတယ်။ ဗောဓိပင်ဆိုရာမှာ မြတ်စွာဘုရားတို့ ပွင့်ရာ အပင်ကအစ ဗုဒ္ဓဂေါတမ ပွင့်ရာ မဟာဗောဓိပင် သီရိလင်္ကာကို ရောက်ချိန်က စပြီး ဗုဒ္ဓသာသနာ ထွန်းကားပုံကို တစ်ဆယ်ရာစုနှစ်က ဥပတိဿ မထေရ် ရေးသားတဲ့ကျမ်း ဖြစ်တယ်။ မဟာဝင်ကတော့ သီရိလင်္ကာဝင် ဖြစ်ပေမဲ့ အရှေ့တောင်အာရှ ဗုဒ္ဓသာသနာဝင် နိုင်ငံတွေရဲ့ ရာဇဝင် အရေးအသားမှာ ဒီကျမ်းကို စံပြုပြီး ရေးကြတာများလို့ အရေးပါတဲ့ ကျမ်းတစ်စောင် ဖြစ်ပါတယ်။ သဒ္ဒါကျမ်းတွေမှာလည်း ကစ္စယ်ဆိုတာ ကစ္စာယနဗျာကရဏဆိုတဲ့ ရှေးအကျဆုံး ပါဠိသဒ္ဒါကျမ်း ဖြစ်တယ်။ တောင်ပိုင်းအိန္ဒိယက ငါးရာစုနှစ်–ခြောက်ရာစုနှစ်အတွင်း မဟာကစ္စနဆရာ ပြုစုတဲ့ကျမ်း ဖြစ်မယ် ထင်ပါတယ်။ ဂန္ဓဝံသအရ ကစ္စယနပုဂ္ဂိုလ်ဟာ **ကစ္စဂယနဂန္ဓ၊ မဟာနိရုတ္တိဂန္ဓ၊ စူဠနိရုတ္တိဂန္ဓ၊ ပေဋကောပဒေသဂန္ဓ၊ နေတ္တိဂန္ဓနဲ့ ဝဏ္ဏနီတိဂန္ဓ** ကျမ်းတွေကို ရေးသူအဖြစ်နဲ့ ထင်ရှားပါတယ်။ ပြီးတော့ ဒီကျမ်းတွေဟာလည်း ကာတန္တြခေါ်တဲ့ သသ်ကရိုက် (သက္ကတဘာသာ) သဒ္ဒါကျမ်းရဲ့ ထုံးနည်းကို မှီးရကြောင်း သိရပါတယ်။ နောက်ပစ္စယန ပြုစုတဲ့ ကျမ်းတွေကို မှီးပြီး ပေါ်လာတဲ့ ရူပသိဒ္ဓိ၊ ကစ္စာယနဘေဒ၊ ကစ္စာယနသာရ၊ ကစ္စယာနဝဏ္ဏနာ ဆိုတဲ့ ကျမ်းတွေမှာလည်း သက္ကတအရှိန်ဩဇာ သက်ရောက်တာကို တွေ့ရပါတယ်။ ဝိသုဒ္ဓိမဂ္ဂကိုတော့ အများကပဲ ဗုဒ္ဓသာသနာရဲ့ စွယ်စုံကျမ်းလို့ အလေးထားကြပြီ ဖြစ်ပါတယ်။ သီရိလင်္ကာ ဘာသာရေး အဋ္ဌကထာကျမ်းတွေကို ရှင်ဗုဒ္ဓဃောသက ပါဠိပြန်ဆိုခွင့်ပြုရန် အခွင့်တောင်းတဲ့အခါ ပါဠိအရေးအသား

mgyoe.com

mgyoe.com SAMPLE BOOK

ကို ပိုင်နိုင်ကြောင်း အစွမ်းပြချင်လို့ ရေးခဲ့တယ်လို့ မှတ်သားထားကြတယ်။ ဝိသုဒ္ဓိမဂ္ဂကို ဖွင့်ဆိုတဲ့ ပရမတ္တမဉ္ဇူသာကျမ်းကို ဓမ္မပါလ ပြုစုပြီး ဝိသုဒ္ဓိမဂ္ဂ ပဏ္ဍိပဒတ္ထကို အဝသား သာရဒဿီက ပြုစုပါတယ်။ မဟာနမက္ကာရ ဘုရားရှိခိုးကလည်း ဗုဒ္ဓဃောသပဲ ပြုစုတယ်လို့ မှတ်သားလေ့ရှိကြပေမဲ့ ဂါထာစီကုံးပုံဟာ ထင်သလောက် ရှေးမကျဘူးလို့ တင်ပြသူလည်း ရှိပါတယ်။

ဒီဘုရားရှိခိုးရဲ့ ဂါထာ ၁ နဲ့ ၈ ကို ၇ အောက်တိုဘာ ၁၁၉၆ နဲ့ ၁၈ စက်တင်ဘာ ၁၁၉၈ ရက်စွဲပါ ဓမ္မရာဇာဘုရား ကျောက်စာ (ပုံ ၁၉၊ ၁–၅၊ ငြိမ်း၊ ၁၊ ၁၉၇၂၊ ၆၅) အစမှာ တွေ့ရလို့ ဒီဘုရားရှိခိုးဟာ ဒုတိယစည်သူ (နရပတိ ၁၁၇၆–၁၂၁၁) လက်ထက်မှ စီကုံးတာ ဖြစ်မယ်။ သစ်မတီ (အနောက်ဖွားစော၊ ပုဂံ) အရပ် ဓမ္မရာဇက စေတီတည်ပြီး သီရိလင်္ကာက ရတဲ့ ဓာတ်တော်သုံးဆယ်ကို ဘုရားမှာ ၁၁၉၆ က ဌာပနာခဲ့တဲ့အခါကျမှ အထူး စီကုံးခဲ့တာ ဖြစ်စရာ ရှိတယ်။ (ဖေမောင်တင် ၁၉၆၄၊ ၁၉)။ *မိလိန္ဒပညာ*ကျမ်းကို မိလိန္ဒ (မိနန္ဒာ) မင်းနဲ့ ရှင်နာဂသေနတို့ မေးဖြေတွေကို စုစည်းပြုစုတဲ့ ကျမ်းဖြစ်ကြောင်း မှတ်သားလေ့ ရှိကြပေမဲ့ ထင်သလောက် ရှေးမကျဘဲ နောက်မှ မွမ်းမံရေးသားတယ်။ ဆရာဒါယကာတို့ အမှန်တကယ်ပဲ မေးကြဖြေကြတာမှ ဟုတ်ရဲ့လားလို့ ဆင်ခြင်ကြတယ်။ (*ပါဠိနာမည်* အဘိဓာန်၊ ဒု၊ ၁၉၃၈၊ ၆၃၇) အနာဂတဝံသကျမ်းကို စောဋ္ဌနယ်သား ကဿပဂါထာ စီတယ်။ ဘုရားလောင်း မေတ္တယျနဲ့ စပ်ဆိုင်တယ်။ *ထူပဝံသ*ကို ကျမ်းပြုသူက ဝါစိဿရ ဖြစ်တယ်။ တစ်ဆယ့်ခြောက်ခန်းမှာ နောက်ဆုံး ရှစ်ခန်းက အနုရာဓပုရရှိ ဒုဋ္ဌဂါမဏိမင်းတည်ထားကိုးကွယ်တဲ့ မဟာထူပအကြောင်း ဖြစ်ပါတယ်။ ခရစ်နှစ်တစ်ဆယ့်နှစ်ရာစုနှစ် လက်ရာဖြစ်မယ်။ *မဟာဗောဓိဝံသ*က မူလ သီရိလင်္ကာဘာသာ ရေးပြီး ပါဠိဘာသာပြန်တယ်။ သီရိလင်္ကာကို ဗောဓိပင်ရောက်လာကြောင်း ခရစ် တစ်ဆယ်ရာစုနှစ်က ဥပတိဿကို လှုပ တင့်တယ်အောင် ပြုစုစေချင်၏။ တစ်စုကား စာပေကျမ်းဂန်ကို ပေရွက်တို့မှ ကူးစေချင်၏။ ကျွန် မည်မှတ်ကား –

mgyoe.com

mgyoe.com SAMPLE BOOK

ယတ္တွယ်
သုဝဏ်နဲ့ သား ၂
မရှက်ဗြိအ်နဲ့ သား ၂
ခံခိအ်
ထမ်းချက်
သိရ်ငိအ (ပေါင်း ၁၀)

စည်(သည်)တို့အတွက် နေမြေကား ၇၀ ဘင်(ပယ်) ဘုရား၊ ကျောင်း၊ ကျွန် သုံးစုတွင် လူပေါင်း ၄၆ ယောက်တည်း။ ငါ ပြုသော စေတီတွင် (ဝေယျာဝစ္စ) ပြုရန် ကျွန် မည်မှတ် –

ဂိရ်ကအမိ
သား ၁ မြေး ၂
ငါတည်
သမန္တာ
သင်
ယဟောတ်
ဝိသခါ၊ ဖိုက်
ခေါသ်
မဟော (ပေါင်း ၁၂)

ကျောင်း လှူသော ကျွန်ကား –

မိည်
ကျိတ်
မိည်သား
ငါသပ်
ပြောဟ်
ကိဂေနဲ့ သား ၂
ယသုက်နဲ့ သား ၁
မယုတ်မာနဲ့ သား ၁
မိုန်မနိင်နဲ့ သား ၂

mgyoe.com

mgyoe.com SAMPLE BOOK

ယိဒိတ်နဲ့ သား ၇
ယသုက်
ကိရ်ဍုစ်
သုမိသွအ်ငါလောတ်
ကဲဒိဖြိင်
ဋ္ဌေယ်
(မြိ)ယ်
ရုံပွံနာ
သိခိရ်
ကုလ်

ကျွန်တို့မှာ (၁) ကျောင်းကျွန်နှင့် (၂) ဗုဒ္ဓဆင်းတု သွန်းလုပ်သူ ဟူ၍ နှစ်မျိုးရှိရာ ကျောင်းတွင် ကျွန်အစုစု ၈၇ ယောက် ရှိပါသည်။ ရုပ်ပွားတော် သွန်းလုပ်ရန် ရွှေ (ကျပ်ချိန်) ၁၄၄၊ ငွေကျပ် ၄၃၀၊ ကြေးချိန် ၁၀၁ ကျပ် ပေးပြီး ဖြစ်သည်။ ရဟန်းသင်္ကန်း (စီဝရ) နဲ့ ပရိကရ (ခါးပန်းကြိုး) အစုံကို ပေးကာ (အလှူစာရင်း) ပိတ်သည်။

ကျောဘက်

ကောင်းမှုပွားစီးရန် ဓမ (တရားတော်) အရ အမှုခပ်သိမ်းကို လုပ်ဆောင်ရန် ငါတို့ အရှင်ဂြိတြိဘဝနာဒိတျ ဓမ္မရာဇာ (ထိလိုင်မင်း ၁၈၀၄–၁၁၁၃) နှင့် ပဝရ ဓမ္မရာဇာ (ပထမ စည်သူမင်း ၁၁၁၃–၁၁၆၃) တည်းဟူသော ဘုရားအလောင်းတော်တို့၏ ခွင့်ပြုချက်ဖြင့် ထိုအရှင်နှစ်ပါးတို့ ကိုယ်စား ကောင်းမှုအစုစုကို ပြုလုပ်ခဲ့ပြီးပါပြီ။ ငါ အတည်မဲ့၍ ဘဝများစွာ ကျင်လည်ရာတွင် အစိုးရသော လူလျှင်ဖြစ်စေ၊ သတ္တဝါအပေါင်းကို သံသရာဆင်းရဲမှ ကယ်တင်နိုင်စေ၊ အမိအဖကျေးဇူးကို ပေးဆပ်နိုင်စေ၊ ဘဝများစွာတွင် ကောင်းမှုအထွေထွေကို ဖြည့်ကျင့်ဆည်းပူးသဖြင့် ဉာဏ်ပညာကြီးသော အသိအမြင်များသောသူဖြစ်ကာ စင်ကြယ်မြင့်မြတ်သည့် အကြောင်းကြောင့် ရန်အန္တရာယ် ကင်းစေ၊ ဘုရားလောင်းတို့ ကျင့်စဉ် (ပါရမီဖြည့်ဆည်း၍) မဂ်ဖိုလ်နိဗ္ဗာန် လျင်စွာ ရောက်စေ။ လူအပေါင်း

mgyoe.com

mgyoe.com SAMPLE BOOK

လည်း ရတနာသုံးပါး၌ မမေ့မလျော့ ဆောက်တည်စေသတည်း။ ပါဠိဘာသာ ဆုတောင်းစာ လေးကြောင်းအပြီး မြန်မာ တစ်ဆယ့်ငါးကြောင်းမှာ ၁၉ ဇွန် ၁၂၂၄ ရက်စွဲပါတယ်။ ရက်စွဲအရ နားတောင်းများမင်း (၁၂၁၁–၁၂၃၁) လက်ထက် ဖြစ်တယ်။ မှတ်တမ်းရေးဖို့ အနိရုဒ္ဓက ပါဠိနဲ့ မွန်ဘာသာ သုံးခဲ့တယ်။ ထိလိုင်မင်း (ကျန်စစ်သား) က မွန်ဘာသာ သက်သက် သုံးတယ်။ သား ရာဇကုမာရ်ကတော့ ပါဠိ၊ ပျူ၊ မွန်နဲ့ မြန်မာကို သုံးခဲ့လေတော့ ရာဇကုမာရ်ကျောက်စာ ရေးထိုးတဲ့ အေဒီ ၁၁၁၃ဟာ မွန်ကျောက်စာ ဇာတ်သိမ်းပြီလို့ ထင်ခဲ့ဖူးပါတယ်။ ကုစုမင်ဒူဇ်ဝါဒေဝီ ကျောက်စာအရ နောက်ထပ် တစ်ဆယ့်ခြောက်နှစ်မှာ မွန်ဘာသာ ဆက်လက် သုံးစွဲနေသေးတာကို တွေ့ရပါတယ်။ ပထမ စည်သူမှာ စုမင်ဒူဇ်ဝါဒေဝီအမည်နဲ့ မွန်မိဖုရား ရှိတယ်ဆိုတာလည်း ခုမှ သိရပါတယ်။ မြင်းကဗာမှာ မွန်တွေ ဆက်နေကြပြီး ဘုရားမှာ မွန်နာမည်နဲ့ ကျွန်တစ်ရာနီးပါး လှူခဲ့တာကို သတိပြုဖို့ လိုပါတယ်။ နောက် မြန်မာဘာသာနဲ့ ကျောက်စာကို ဆက်ထိုးတဲ့ ရက်စွဲဟာ ၁၉ ဇွန် ၁၂၂၄ ဖြစ်တယ်။ ရာဇကုမာရ် ကျောက်စာနဲ့ အနှစ် ၁၁၁ နှစ် ကွာသွားပြီ။ ဒါပေမဲ့ ကန်ကျက်ကလိည်ရွာက သူကြီးက ကျွန်လှူပြန်တယ်။ ကန်ကျက်ကလိည်ရွာကျောင်းမှာ လှူတယ်။ အဲဒီနာမည်ကလည်း မွန်နာမည် ဖြစ်မယ် ထင်ပါတယ်။ ကျွန်နာမည် တချို့လည်း မွန်နာမည် ဖြစ်မယ် ထင်တယ်။ ကျွန်စာရင်းထဲမှာ သူကောင်းမတစ်ယောက် ပါနေတာလည်း ဆန်းတယ် ထင်ပါတယ်။

စဉ့်ကိုင်မြို့နယ် တအုံအရှေ့ရွာ မြစည်းခုံဘုရားအရှေ့မှာ ၁၄ ဧပြီ ၁၂၃၂ ရက်စွဲပါ ကျောက်စာတစ်ချပ် တွေ့ပါတယ်။ (နောက်ဆက်တွဲ ၃ ကြည့်ပါ) လူနဲ့ ရဟန်း ကန်သင်းဘုရားမြေကို လုကြတဲ့ အမှုမှတ်တမ်းတင်တဲ့ ကျောက်စာ ဖြစ်ပါတယ်။ စေတီကို ကန်သင်းဘုရားလို့ မှည့်တာ ဆန်းတယ်လို့ ထင်မိတယ်။ အရင်က ပုဂံကျောက်စာတွေမှာ ကောက်ညှင်းနဲ့ ဂဇင်း(ကန်သင်း) မတွေ့လို့ ထင်မိပါတယ်။ (သန်းထွန်း၊ ၁၉၆၉၊ ၁၈၀) ဒါကို အခု ပြင်ရမှာ ဖြစ်ပါတယ်။ အခု ၁၄ ဧပြီ ၁၂၃၂ ရက်စွဲပါ ကျောက်စာအပြင် ၁၂ မေ ၁၂၅၉ ရက်စွဲပါ ကျောက်စာ (ပုံ ၁၉၃၊ ၃၉၊

mgyoe.com

mgyoe.com SAMPLE BOOK

ငြိမ်း ၂၊ ၁၉၈၂၊ ၁၉၇) နဲ့ ၃ နိုဝင်ဘာ ၁၂၉၄ (ပုံ ၁၇၉၊ ၉။ ငြိမ်း ၃၊ ၁၉၈၃၊ ၁၆၉) မှာ ကန်သင်းကို တွေ့တယ်။ လယ်ယာထွန်ယက်ပစ္စည်း အဖြစ်နဲ့

ထွန် (HARROW) ကို	ပုံ ၁၆၆ က၊ ၃၃။ ငြိမ်း ၂၊ ၁၉၈၂၊ ၁၁၂
	ပုံ ၁၆၇ က၊ ၁၉။ ငြိမ်း ၂၊ ၁၉၈၂၊ ၁၁၆
	ပုံ ၁၆၈ က၊ ၂၀။ ငြိမ်း ၂၊ ၁၉၈၂၊ ၁၂၀
	ပုံ ၁၇၀ က၊ ၁၉။ ငြိမ်း ၂၊ ၁၉၈၂၊ ၁၂၅
	ပုံ ၁၇၃ က၊ ၂၈။ ငြိမ်း ၂၊ ၁၉၈၂၊ ၁၃၈
	ပုံ ၃၄၅ က၊ ၉။ ငြိမ်း ၂၊ ၁၉၈၂၊ ၁၄၁
မုပါဆင်ထွန်ရှာ	ပုံ ၂၄၆၊ ၇။ ငြိမ်း ၃၊ ၁၉၈၃၊ ၉၆
ပေါက်တူ (HOE)	ပုံ ၃၁၊ ၉။ ငြိမ်း ၃၊ ၁၉၇၂၊ ၈၃
	ပုံ ၁၄၆၊ ၄။ ငြိမ်း ၂၊ ၁၉၈၂၊ ၄၄
	ပုံ ၁၈၀၊ ၁၃။ ငြိမ်း ၃၊ ၁၉၈၃၊ ၂၉၂
ပုဆိန် (AXE)	ပုံ ၁၁၃၊ ၁၉။ ငြိမ်း ၁၊ ၁၉၇၂၊ ၃၈
	ပုံ ၁၆၆ က၊ ၃၁။ ငြိမ်း ၂၊ ၁၉၈၂၊ ၁၁၂
	ပုံ ၁၆၈၊ ၁၈။ ငြိမ်း ၂၊ ၁၉၈၂၊ ၁၂၀
	ပုံ ၃၁၀ က၊ ၃၂။ ငြိမ်း ၁၊ ၁၉၇၂၊ ၁၂၀
	ပုံ ၃၁၀ က၊ ၃၄၊ ၃၅။ ငြိမ်း ၁၊ ၁၉၇၂၊ ၁၄၉

ထယ်(Plough) ကို ပုဂံခေတ် ကျောက်စာမှာ မတွေ့တာကတော့ အဲဒီအခါက ထွန်ပဲ သုံးနေကြသေးလို့ ဖြစ်မယ် ထင်ပါတယ်။ အများ သိကြတဲ့အတိုင်း ကျောက်စာတွေက ကျောင်းကန်ဘုရား အလှူအတန်း တွေသာ ရေးမှတ်လို့ အခုလို လူမှုကိစ္စတွေ မပါဘူးလို့ ပြောရင်လည်း ဖြစ်တယ်။ တစ်ဖက်က ပြောစရာရှိတာကတော့ လူတွေ၊ မြေတွေ ဘုရား မှာ လှူရင် လူတွေရဲ့လုပ်ငန်းနဲ့ ထွန်ယက်စိုက်ပျိုးရေးပါ ကောင်းတယ်။ ကျွန်တွေဟာ ဘယ်လိုလုပ်ငန်းကို ကျွမ်းတယ်ဆိုတာ သိရတော့မှ ဘုရား မှာ ဘယ်နေရာက အမှုထမ်းဖို့ ခိုင်းနိုင်မှာ ဖြစ်တယ်။ ကျွန်ထဲမှာ ကဝါ

mgyoe.com

mgyoe.com SAMPLE BOOK

သည်၊ စည်သည်၊ တံမြက်လှည်း၊ ထမင်းချက်၊ နွားကျောင်း၊ ပန်းရံ၊ ပန်တျာ၊ ပန်းချီ၊ ပန်းပု၊ ပန်းပွတ်၊ ယန်သည် (ရက်ကန်းသည်)၊ လက်သမား၊ လယ်လုပ်၊ ဥဖွဲ့သည်။

အဲဒီလို အထွေထွေ လက်မှုတတ်ကျွမ်းတဲ့လူတွေ ရှိနေပါတယ်။ ကျွန်တွေရဲ့ အိမ်ထောင်မှုကိစ္စတွေလည်း ဖော်ပြဖို့ လိုပါသေးတယ်။

ကမယ်၊ ခြွေမ၊ စာတတ်၊ ညီ၊ ညီမ၊ နိုဝ်အ် စိုဝ်အ်၊ ဖုတ်၊ ပုစု၊ မိထုယ်၊ မျာမျာငယ်၊ မှူရ၊ မြက်ရ၊ ယေကွမ၊ ယောက်ဖ၊ သာ၊ သာမက်၊ အကို၊ အပွှောင်၊ အမွှောင်၊ အဖ၊ အဖိယ်၊ အဖိုဝ်၊ အမ၊ အမိ၊ အိမ်ထောင်၊ အိုဝ်အ်ဖုခိ၊ ဥရီ။

အဲဒီစာရင်းမှာ အများစုကို အဓိပ္ပာယ်သိပါတယ်။ မသိတာတချို့ ရှိတယ်။ မှန်းဆပြီး အဓိပ္ပာယ်ဖော်ထားပါတယ်။ ကမတ် – မုဆိုးမ။ စာတတ် – မိမိလက်နဲ့ ယူစားတတ်တဲ့ကလေး။ ဖုတ် – မုဆိုးဖို။ ပုစု – နို့ညှာ။ မှူရ – အတိုအထွာ ခိုင်းလောက်တဲ့ကလေး။ မြက်ရ – တော်တော် လေးပင်တဲ့ကိစ္စ ခိုင်းလို့ရတဲ့ ကလေး။ အပွှောင် – လက်မထပ်ဘဲ ယူထားတဲ့ မယား။ အဖိယ် – အဘွား။ အိုဝ်အ် ဖုခိ – အရွယ်ရောက်ပြီးတဲ့ လူငယ်လုံမ။ (ဖုတ်၊ မှူရ၊ မြက်ရ၊ အိုဝ်အ်ဖုခ်တို့ အဓိပ္ပာယ်မှာ ဦးငြိမ်းမောင်၏အယူအဆ ဖြစ်ပါတယ်) မုဆိုးမကို ယခင်က ပုဂံခေတ်ကျောက်စာတွေမှာ မတွေ့ဖူးပါ။ မကွေး မုဆိုးမလို့ အပီအသ ရေးထားတဲ့ ၁၆ ဇွန် ၁၂၃၀ နဲ့ ၁၄ ဇူလိုင် ၁၂၄၀ ရက်စွဲနှစ်ခုပါတဲ့ ကျောက်စာ (ငြိမ်း ၂၊ ၁၉၈၂၊ ၁၈–၁၉။ *မြန်ရှေးချုပ် ၁၉၆၅–၆၆*) ကို မြင်ကွန်း လေးမျက်နှာဘုရား အနောက်ဘက်မှာ ၁၉၆၅ က တွေ့ပါတယ်။

ငဖြစ်သင်နဲ့ အိုပေါင်သင် ကျောက်စာ (၁၈ ဩဂုတ် ၁၂၃၆ နဲ့ ၈ နိုဝင်ဘာ ၁၂၄၈) ကို ပုဂံ၊ သရိ၊ သင်္ဂဇာဘုရားစု၊ ကုန်း ၁၀၄၈ က ရတယ်။ ဣစ္စွာမင်း (၁၂၃၅–၁၂၄၉) လက်ထက်က အရာရှိစာရင်းကို ရတယ်။ အဲဒီအရာရှိတွေကို သင်ဖမ ခေါ်တယ်။ ဒီဝေါဟာရဟာ မွန်စကား လက်သုံးတော်ဆိုတဲ့ ရှင်ဘုရင့်အပါးတော်မြဲ ဖြစ်မယ်လို့ မှန်းဆပါတယ်။ အရင် သင်ဖမကို တရားသူကြီးလို့ ထင်တယ်။ ခုမှ အမှုထမ်းလည်း ဖြစ်နိုင်တယ်လို့ တိုးချဲ့ သိလာပါတယ်။ အရာရှိတွေက –

mgyoe.com

mgyoe.com SAMPLE BOOK

အနန္တပတိ၊ ကုနပတိ (မင်းသမက်)၊ သင်လျှင်ပြေည့်စုံသင်၊ ငနိုင်ငံသင်၊ ငဖြစ်သင်၊ ငရံမနာသင်၊ သင်လျှင်တေပါ၊ ခေဝဲသင်နဲ့ ငချွန်သင်တို့ ဖြစ်ပါတယ်။

ပုဂံ မြင်းကဗာကုန်း ၂/၄ က ရတဲ့ ၁၆ မေ ၁၂၅၀ ရက်စွဲပါ ကျောက်စာမှာ အရင်က မတွေ့ဖူးသေးတဲ့ လက်တော်ထားဟန် မုဒြာအဆန်း ရှုယ်ဝါစာလက်သန်ဆူလို့ တွေ့ပါတယ်။ တရားဟောဟန် ဝိတရ်ကမုဒြာကို တစ်မျိုးခေါ်တာ ဖြစ်မယ် ထင်ပါတယ်။

နိဂုံး

တူးဖော်ရာမှာ ဂရုထားသင့်သလောက် မထားတဲ့အတွက် ပျက်စီးရာရောက်တယ် ဆိုပေမဲ့ အကောင်းဘက်ကလည်း အနည်းအပါး ရှိပါသေးတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆက်တွဲ ၁

ပုဂံကုန်းအမှတ် – ၁၅၈၃၊ ၂၅–၈–၉၆ တွင် ရသည်။ ဤမျက်နှာဘက်ကို ၂၂–၉–၉၆ ရက်နေ့က ဖတ်သည်။

(၁) သကရစ် ၅၈၅ ခု၊ အာသုတ်နှစ် တစ်သွင် လပွည် သူကြာ 10 Sep 1233

(၂) သတင်နိယ်အာ သို့ခ်ိ သိဃ်ဝီရ်သုဒ္ဓ၊ မိုလ်ပ္ပုသော ကျောင် ပုရှာ လှုုသော

(၃) ။ မြောင်ကတောင်လယ် ၂ နာမိုင်။ ဖဥစ် ငါကြီ သင် လယ် ၁ နာမိုင်

(၄) ။ ။ စာငကတ်လယ် ၁ နာမိုင်။ တြပါလယ် ၂ နာမိုင်။ အပေါင်

(၅) လယ် ၆ နာမိုင်။ သကရစ် ၅၈၁ ခု၊ အသတ်နှစ်။ တပိုဝ်ထွယ် 31 DEC 1220

(၆) လဆန် ၇ ရျာက်တန်နှင်လာနိယ်။ သို့ခ်ိ သူဇမိုလ် လှုုသော ကုံရွမ်

(၇) ဥယန် ကုရွမ်ရျာ မ္လိယ် ပုရှာအာ လှုုအော်။ ထိုဝ်ဖြိုဝ် ပြည်နှိုက်ပြ

(၈) ည်သုကြိ မိယာ မြီဆပ်သော ဥယန် ၁ ခု လယ် ၁ နာမိုင် လှု

(၉) အ်။ ကြာပါသော သို့ခ်ိ ရတနသာဂိုရ် ၁ ယောက်သို့ခ်ိ ဗုဒ္ဓသရိ ၁ ‌ေ

(၁၀) ယာက်။ သို့ခ်ိ သပ္ပုရိက ကဝိ ၁ ယောက် ဥတ္တမ ရာဇ ပဏ္ဍိတ်

(၁၁) ၁ ယောက်။ ဥတ္တမ ရာဇကဝိ ၁ ယောက်။ ထိုဝ်ရပ်နိယ်

(၁၂) သော သူခပင် မြင်ပါ ကြာပါအော်။ ဤယ် ငါ လှုုသော

(၁၃) ကိုဝ် ဖျက်ရစ်သော သူဟူသော မျှကာ။ ပုရှာ အလ္ဖစ် ဖ္လစ်လေမ

(၁၄) ဖူစိယ်စွံတေ။ အဝီစိကာ အထက်အယင်ကာသြက် လျှောင်န

(၁၅) စ် စိယ်သတေ ဖုန်မကြီစိယ် အသက်မရှာည် စိယ် သတေ။ လူထ

(၁၆) က်လေ ချံသာမရ စိယ်သဘော။ ဤယ် ငါ လှုုသော မြင်ပါသကာ။ ပြ

mgyoe.com

mgyoe.com SAMPLE BOOK

(၁၇) ည် မဟာထီ သွိင် ဓမ္မသီရိ ၁ ယောက် စာလိယ် ဆိရျာ ၁ ယောက်
(၁၈) သွာ ဂင်္ဂါနန္ဒိသာ ၁ ယောက်။ ဥလုံ ၁ ယောက်အဖိုဝ် ၁ ယောက် မ္ဘိယ်အ
(၁၉) နန္ဒရစ် သို ၁ ယောက် ငါလ္ဘိယ် ၁ ယောက် အလ္ဘေါင် အိုဝ်ပါသင် ၁ ယောက်
(၂၀) အိုဝ်မလိယ်သင် ၁ ယောက် အိုဝ်ချတ်ဖွယ်သင် ၁ ယောက် သင် ငယ်
(၂၁) အစ်ကိုဝ် ၁ ယောက် ငါချံသင် ၁ ယောက် ထိုဝ်ရာပ် နိယ်သော သူတိုဝ်
(၂၂) လေကြာပါ မြင်ပါကုန်အေ်။ ။ ထိုဝ်ပြီ လ္ဘတ် ၃ ရျာက် တန်နှာ 11 Jan 1221
(၂၃) င် လာနိယ်အာ လျှုတုံသော အိုဝ်ပီသင် စောင်သော ဥယန် ၁ ခု။ ငါ ပြု
(၂၄) ယ် သုံသောလယ် ၂ နာမိုင် လျှုအေ်။ ကျွန်ကာ ငါလုယ် ၁ ယောက်
(၂၅) ငါမတိုင် ၁ ယောက် ငါခင် သာ ငါပန္တု ၁ ယောက် ပန်ပွတ်သာ ၁။

ပုဂံကုန်းအမှတ် – ၁၅၈၃၊ ၂၅–၈–၉၆ တွင် ရသည်။ ၁၈–၉–၉၆ နေ့က ကျောဘက် ဖတ်သည်။

(၁) ။ ငါရောက်ခပ် ၁ ယောက် ငါရမံဖ ၁ ယောက် ငါလ္ဘေါငယ် ၁ ယော
(၂) က်။ အပေါင် ပုရှိလျှုသော ကျွန် ၈ ယောက်တေ။ မြင်ပါသော
(၃) သူကာ ပြည်မဟာထီ ဓမ္မသီရိ ၁ ယောက်။ စယမိုလ် ၁ ယော
(၄) က်။ သင်ကြီ ငါ စံပယ်သင် ၁ ယောက်။ ငါသူခါသင် ၁ ယော
(၅) က်။ သား မ္ဘိယ်အလ္ဘေါင် ကျွန်ခပင် ကြပါကုန်အေ်။ ။ ။
(၆) ။ ။ လယ်အပေါင်ကာ ၈ နာမိုင်တေ။ ဥယာန် အပေါင်ကာ
(၇) ၃ ခု။ ကျွန်အပေါင်ကာ ၈ ယောက်။ ရျာ ၁ ခု။ အပေါင်

mgyoe.com

mgyoe.com SAMPLE BOOK

(၈) ဝိနေယ် ၁၁ကျွံ။ ဒီဃနိကယ် ၉ ကျွံ။ မရှိမနိကာယ် ၉ ကျွံ။
(၉) ။ သယုံတ္တနိကယ် ၉ ကျွံ။ အင်္ဂုတ္တရနိကယ် ၁၀ ကျွံ။ ဝိသုဒ္ဓိမ
(၁၀) ဂ္ဂ ၂ ကျွမ်။ ခုဒ္ဒကနိကာယ် ၂၉ ကျွံ။ ပါတ် အဌကထာ နေတ္တိ
(၁၁) ပြွကိုရ် ၂ ကျွံ။ မိလိန္ဒ ပညာ။ ပတ်အနာဂတဝါင်။ အဌက
(၁၂) ထာ အမတာ ဓါရာ မည့ုညာ ဋီကာ ရူပဝါင်။
ဖောဓိဝါင်။ ပါတ်
(၁၃) အဌကထာ မဟာဝါင်။ တထာဂတုပ္ပတ္တိ။ ကစ္စယ်။ ညာဃ။
(၁၄) ဋီကာ မဟာတေရ်။ ဋီကာ သံဗျင်။ စူဠသန္ဓိ ဝိသောဓနာ
(၁၅) ကုဋီကာ မဟာ နမက္ကာရ်။ ဇာတကခြည် ၇ ကျွံ။ အဘိဓမ္မာ ၁၅။
(၁၆) ကျွံ။ ခင်ဥန်သုဇ္ဇ'ဗိုလ် ပ္လုသော ပိဋကတ်ကျွံ။ အပေါင် ၁၁၂
(၁၇) ကျွံ ဟိယ်သတေ။ ။ သာ သိယ်ဝိရ် သုဇ္ဇ'ဗိုလ် ပ္လုသော ပဋိက
(၁၈) တ်ကာ။ ဝိနယ် ပိဋကတ်။ ပါတ်။ အဌကထာ။ ဋီကာ
(၁၉) ။ အပေါင် ၁၅ ကျွမ်။ အဌကထာ။ ဋီကာ။ ဂြန္ထပိုတ်။ ဝိသုဒ္ဓိ
(၂၀) မဂ္ဂ'အပေါင် ၃ ကျွမ်။ ။ အဘိဓမ္မာ ပိဋကတ် အပေါင် ၁၅ ကျွ
(၂၁) မ်။ လက္ခဏ် ကုဋီကာ ၂ ကျွမ်။ ဒီဃနိကာယ် ပါတ် အဌကထာ
(၂၂) ဋီကာ ၉ ကျွမ်။ မရှိမ နိကာယ် ပါတ် အဌကထာ ဋီကာ ၉ ကျွမ်။
သယုံတ္တနိ
(၂၃) ကာယ် ပါတ် အဌကထာ ဋီကာ ၁၅ ကျွမ်။ အင်္ဂုတ္တရ နိကာယ်
ပါတ် အဌကထာ ဋီကာ
(၂၄) ၁၀ ကျွမ်။ ခုဒ္ဒကနိကာယ်။ ပါတ်။ အဌကထာ ဂြန္ထပိုတ် အပေါင်
၂၈ ကျွမ်။ ။ က
(၂၅) စ္စာယ်မဟာနိရုတ်။ ဋီကာ မဟာတေရ်။ ဋီကာ သမွေင်။ မဟာ
ရူပသိဒ္ဓိ။ ဋီ
(၂၆) ကာမဟာရူပသိဒ္ဓိ။ မည့ူညာဋီကာ ဗျာချန်မဟာ နိရုတ်။ ဋီကာ
ဗျာချ။
(၂၇) (န်။ မဟာ) နိရုတ်။ စူဠသန္တိ။ သန္ဓိဝိသောဓနာ။ ကုဋီကာ။ မဟာ
နမဂ္ဂါရ်။
(၂၈) ... ... ကျွမ်အပေါင် ... ...။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆက်တွဲ ၂

ပုဂံ မြင်းကဗာကုန်း အမှတ် ၁၂၁၆ တူးဖော်ရာမှ ရသော မွန်ကျောက်စာ။

မျက်နှာဘက်

(၁) ။ ဂြိ။ ကာလ် သကရာစ် ၄၉၁ ဒ္ဒယ်ကာလ် သွ်တိ
(၂) လ ၇ အ်ပေါယ်ညီတြိဘဝနာ ဒိတျပဝရ ဓမ္မရာဇ် ကတ္တိတ သံ
(၃) ဝဠ္ဍေရ် (ရာ) စီဝေက်(ကိန္တ) ဇိသ်တွေယ် တိဟာ ၇ ရ(ရွ) ချတိဥတ္တရာ သာ
(၄) ဒွနကွတ် စုမင်ဒူ ၇ ရွရေဗီ မသူလ် လျရ်လိကတွောအ်ဧ
(၅) ရဝါရာဝေါအ် ဂိလေင် ဦက်(ဓ) ဇယ်ကိလ်ဟန် ဂေါဟ်ဇယ်
(၆) သုမစနာ် ကိန္ဒရ်ဒ္ဒေ း ယန်ဒိမ် ၁ ကောန်ဒ္ဒေ း ပြောဝ်စန္ဒု မာရ် ပိက်ာ
(၇) ၁ ကိန္ဒရ်ဒ္ဒေ း တွောသ်စိရ်မတ် ၁ ကောန်ဒ္ဒေ း ပြောင်ဥမာ ၁ ငါ တာစ် ၁
(၈) စင်န္ဒာ ၁ အာသိ ၁ ကောန်ဒ္ဒေ း ဂုပ္ဒုဏ်ယဖြက် ၁ ဇ်ဂါ း စန် သမ္ဗနာ
(၉) စင်သတင် ၁။ ဦက်မဇိက်ဟန် မ္လစ်သာ မတာဝ်ဟန်၊ ဇောစ် ၅၀
(၁၀) သုကကောန် ကုဏောက် သိန်ငိအ် ရအ်ငေက ကုပ္လေါလ် ၁ သိရ်ငိ
(၁၁) အ်အိတ်ဦက် ၂ သိရ်ငိအ် ဂေါ(အ်) း ညြရ်စိက်သံ (ဘူစ်) ဂူစ် ကျောက်တဗ်
(၁၂) ဆိန်ဟန်ဂိမ် ဣြန်အိတ်ကုအ်ကာလ်။ ပေါင်ဦတ် ၂ ဂူ။ မဇ
(၁၃) ယ်ကိလ်ဟန် ဇေတီယ်ကုအ် ဗိဟာရ်ဇယ။ ဟန်ဂီရ် ဥယ
(၁၄) (ကေ) း ။ ယတ္လွယ်သုဝရ် ၁ ကောန်ဒ္ဒေ း ၂ မ ရှက်ဗြိအ် ၁
(၁၅) ကောန်ဒ္ဒေ း ၂ ခံအိအ် ၁ ည း စိနံဟန် ၁ သိရ်ငိအပေါင်သ း ၁

mgyoe.com

mgyoe.com SAMPLE BOOK

(၁၆) ဖံ။ ဒိရ်မောင်တိအ် ၇၀ ဗင် ပေါင်ဒိုက် ကျောက် ၃ ဟာန်ကေ း
(၁၇) ၄၆။ ဟာန်ကျေက်ဖယ် ကိရ်ပင်အွောက် ဂိရ်က ၁ ကောန်ဧ
(၁၈) ဠေ း ၁ စောဝ်ဠေ း ၂ ငါတည်၊ သမန္တာ၊ သင်၊ ယဟောတ်၊ စိသခါ
(၁၉) ၊ ဖိုက် ၁ ခေါအ်၊ မဟေ ၁။ အပေါင် ၁၂။ တေအ် ဂိရ် လိင်ဒိုက်မ
(၂၀) ဖယ် ဗုလ း နာသိနာမိည် ၁ ကော်န်ဠေ း တြသ် ဤတ် ၁ ငါ
သပ် ၁
(၂၁) ဖြောက်။ ကိဂေ ကောန်ဠေ း ၂၊ ယသုတ် ၁ ကောန်ဠေ း ၁။
(၂၂) မယုတ်မာ ၁ ကောန်ဠေ း ၁။ မိုန်မနိုင် ၁ ကောန်ဠေ း ၂ ယိဒိတ်
၁
(၂၃) ကောန်ဠေ း ရယသ် ကိရ်ဍမ် ၁ သုမိသွအ် ငါလောက် ၁ (ကဲ)ဒိ
(၂၄) ဗြိ(င်)၊ ငေယ် (မြိ)ယ် ၁ ရုံပ္ပနာ၊ သိမိရ်၊ ကုလာ် ပေါင် ၂ လာဒိုက်
(၂၅) မဖယ် ကိလကုက် သဟာကျေက် သမာသွုလ် ၂။ အပေါင်ဒိုက်
(၂၆) ကျေက်ကုန် သမာနာသိနာ ၈၇။ ထရ်မကိန္ဒကျေက်၊ ၄၄။
(၂၇) ဩည် ၄၃၀ ဒိကော်လ်။ သိက်လ်။ ၀၊ စိဝရ် အုတ်ကုအ် ပရိက္ခာ
(၂၈) ၊ ဉုက်ပိည်။

ကျောဘက်

(၁) ။ ယင်သိန္ဒြင် ကုသလမ္မေ ၇ မဖယ် (ဝေါ)အ်စိ (နုး) ဍုစ္စိမ်တိလ ၇ အ်
(၂) ဒမဖယ် ဂေါအ်ပအ်။ အိတ ထလ ပိန်ဂေါ း စိဇိန်ပိန် ကုတိ
(၃) လ ၇ အ်ဖယ် သို့င် ညိတြိဘဝနာ ဒိတျ ဓမ္မရာဇ် ကုတိလ ၇ အ်ဖယ်
(၄) ပဝရ ဓမ္မရာဇာ ပရ်ဂေါအ်ဒသ် ကျေက်။ ဖယ်(စု)က်အ် နောရ်
(၅) ဒိရ်ရသ်တေအ် စိဩရ်ဖယ် ဂေါအ်ဒသ် တြသ်မလောမ် (က)
အ်ဩရ်
(၆) ဂေါအ်ရသ် ပြေလ်ရက္ခဂိတ် သတ်သိမ်င း ဩရဒသ်ဝုဍ း နောရ်သိ
(၇) အ်အိပ် ဩရ်ဒသ်တမ်ဂုန အွောအ် အအ် ပုမြေယ်ဩရ် ဇွေယ်
(၈) ဂေါအ် သပ္ပုရိသ် သိမ်ဂိရ် ဩဒသ် တုဂိရ် ဇောဝိသံကရ် သိမ်သာန်
(၉) ဩရ် (စဥ္ဇန်) ကုဘန္ဒြင် မပြေယ်သိတ် ရောဂ် (သိယ်) ပဏ္ဍိတ်
လ း ဂေါ

mgyoe.com

mgyoe.com SAMPLE BOOK

(၁၀) အ်ကုလိအ်ယင် (ဘု)န် သိလ်မရှိအဂေါ ဩရ်ဂေါအ် ပ(အ) အိတ် သတ်

(၁၁) (စင်) ဒစိလ : ဂေါအ်ပဝေယ် ယင်ရောဝ်ရာရာဝ် သမေယ

(၁၂) ဂုလိင် ဩရတ္တင် ပြသ်သသ် နိပ္ပါန်စိလ : လောအ် (ရော) ရ်ရောရ်

(၁၃) ပိန်(ရောရ်) ဗောမိသတ် ဂုမိလိလေ : ဂေါအ်ကုလိအ် ယင်ရတ်

(၁၄) (န) ကြေယ်ပိအ် ဝေါအ်လ : ဂေါအ်ဝိတ်နေင် အိတ်သအိုကာလ်။ (ပါဠိကျောက်စာ)

(၁၅) ။ ယတ္တ ဝသ္သံပပန္နော ဂရုပုမသဟိတော ပညဝါဘာဂျ ဝန္တော

(၁၆) ယေတော ဒုက္ခူပရေတော မမ ပုည ကသ(သာ) သောတ္တိ ပတ္တာ စသ

(၁၇) ဗွေ ဗုဒ္ဓေ ဓမ္မေဝ သဃေ ဝရ သုဘာမနသာ ဘာဝိလာ မာ ဘဝေ (စေ)

(၁၈) သဗ္ဗေ ဗုဒ္ဓေဟိ ပတ္တဝိဝ ဝရ သုခုမံ မာစိရံ ပါပုဏေယျံ။

မြန်မာကျောက်စာ

(၁) ။ သကရစ် ၅၈၆ ခု ကြဋ္ဌိက္က သံဝစ္ဆစု? နှစ်မွယ်တာ လဆ

(၂) န် ၃ ရျာက် တနှင်လာ နိယ္သာ်အာ ကန်ကျက် ကလိည် (သူ)

(၃) ကြီ ပုရှာ လှုသော ကျွေန် ကုပေယ်၊ မိယာ ချံသာပုံ

(၄) ၊ သာဝေ၊ အိလုံ၊ သက်သိယကာ သင် လိယ် မျက်နှာ၊

(၅) လွတ်သော ကျွန်ကာ အိပုံနိယ်၊ သမိ အိမောက်၊

(၆) သမိ ပုသိ၊ ပိုန်၊ သမီ သတင်၊ သုကောင်မ မိန္န၊ သမိ ထုယ်၊

(၇) စောတ်တီ၊ ပါရပတီ၊ ဤယ် ငါကျွောန် ၉ ယောက် သ

(၈) ကာတည် ကာဝ်လှာန်စိယ် ဟုရာယ် (ဟုရှယ်) ငါလွတ် သတေ သက်သိ

(၉) ယ်ကာ ကလိည် ကျွောင် သင်ကြိ၊ ဓမ္မရာဇ ရံသိ၊ သုဘရစ်

(၁၀) မိထုယ်၊ မင် မိစံသာင်၊ အလွှံ၊ အိလှသင်၊ ပြည်စော

(၁၁) င် အိတောင်ဝုယ်သင်၊ မွင်ငယ်၊ သမာ အဖမွန်၊ ငါဩ

(၁၂) င် မွန်၊ စုလင်က သတိယ္ခ် သာသု (ဘ) နတ်၊ ဥတ်သ

mgyoe.com

mgyoe.com SAMPLE BOOK

(၁၃) ငါ်၊ တုရက် ဘရစ်၊ သမန္တ ဘရစ်၊ ဘရဂုန်၊ စာတြပါ၊
(၁၄) ဟုတ်လောင်၊ (အ) ဘိနန္တဗိုလ်၊ စင်စွာ၊ ဤယ် ငါ လွတ်
(၁၅) သောတော

ဦးငြိမ်းမောင်
၃၊ ၁၂၊ ၉၆။

mgyoe.com

mgyoe.com SAMPLE BOOK

ရှေးမွန်ကျောက်စာပါ သမိုင်းအထောက်အထားများ[၁]

ရှေး မွန်ကျောက်စာဟု သာမည ခေါ်ဝေါ်သည့် မွန်ဘာသာဖြင့် ရေးထားသော ကျောက်စာ၊ ခေါင်းလောင်းစာနှင့် ကြေးပြားစာတို့မှာ စင်စစ်အားဖြင့် အလွန်ရှေးကျသည့် မှတ်တမ်းစာများ မဟုတ်ပါ။ မြန်မာနိုင်ငံတွင် ခေါ်လေ့ခေါ်ထရှိသော ပုဂံခေတ်နှင့် အဝခေတ် စာများသာ ဖြစ်၍ နှစ်အပိုင်းအခြားအရ ခရစ် တစ်ဆယ့်တစ်ရာစုနှစ်မှ တစ်ဆယ့်ရှစ်ရာစုနှစ်များအထိ ယခင်အနှစ် နှစ်ရာကျော်မှ ကိုးရာကျော်အတွင်း ရေးသားခဲ့သော စာများ ဖြစ်ပါသည်။ တွေ့ရှိရာအရပ်တို့မှာ မြန်မာနိုင်ငံအောက်ပိုင်း၊ မုတ္တမပင်လယ်ကွေ့ဝန်းကျင် ဒေသနှင့် ပုဂံတို့မှ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် (၁) မွန်တို့၏ နေရာဖြစ်သော

၁။ ၁၉၆၉ ခု၊ မြန်မာနိုင်ငံ သုတေသနဆွေးနွေးပွဲတွင် ဖတ်ကြားသော စာတမ်းဖြစ်သည်။

တက္ကသိုလ် ပညာပဒေသာစာစောင်၊ အတွဲ ၄၊ အပိုင်း ၄၊ အောက်တိုဘာ၊ ၁၉၆၉၊ ၃၆–၆၇။

ဒေါက်တာသန်းထွန်း၊ *အသစ်မြင် ဗမာသမိုင်း*၊ မြကန်သာစာပေ၊ စက်တင်ဘာ ၁၉၇၅၊ ၃၄၉–၄၀၅။

mgyoe.com

mgyoe.com SAMPLE BOOK

ရာမညဒေသနှင့် (၂) မွန်ဘာသာကို တစ်ဆယ့်နှစ်ရာစု နှစ်ဦးအထိ မှတ်တမ်းများ ရေးသားရာ၌ သုံးစွဲခဲ့သော ပုဂံမြို့တော်ပင် ဖြစ်ပါသည်။ တွေ့ရှိရာ အရပ်တို့ကို အတိအကျ ဖော်ပြရလျှင်

ကျော့ဝွန်း	(ဘားအံနယ်) (၄)[၁]
ကျောက်ဆည်	(၅၈)
ကျောက်တိုင်ကန်ရွာ	(ပဲခူးနယ်) (၆၄၊ ၆၇)
ကျိုက်မရော	(မော်လမြိုင်နယ်) (၆၂၊ ၆၃)
ကျွန်းတော်ကျွန်း	(မိချောင်းရဲနယ်) (၅)
တောင်ဇွန်းရွာ	(သထုံနယ်) (၉၁၊ ၉၂)
ထလုရွာ	(ကျိုက်လတ်နယ်) (၆၁)
ထန်းတောကြီးရွာ	(ပဲခူးနယ်) (၈၅၊ ၈၆)
ပုဂံ	(၆၊ ၇–၁၄၊ ၁၅–၁၇၊ ၁၈–၂၁၊ ၂၂–၃၉၊ ၄၀–၃၊ ၄၀–၃၊ ၄၄–၇၊ ၅၅၊ ၅၆၊ ၅၇၊ ၆၀၊ ၁၀၅)
ပုသိမ်	(၉၉၊ ၁၀၁၊ ၁၀၂၊ ၁၀၃)
ပဲခူး	(၆၅၊ ၆၆၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၇၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၉၊ ၉၄၊ ၁၀၆)
ပြည်	(၄၀–၅၁)
ဖလေးရွာ	(ပဲခူးနယ်) (၉၅)
ဖုရားကြီးရွာ	(ပဲခူးနယ်) (၈၇)
ဖူးချောင်းရွာ	(ကဝနယ်၊ ပဲခူးခရိုင်) (၉၀)
ဗန်ကောက်	(ယိုးဒယား) (၉၇၊ ၉၈)
မော်လမြိုင်	(၁၀၀)
မုတ္တမ	(၉၆)
မြင်းမငူရွာ	(ကဝနယ်၊ ပဲခူးခရိုင်) (၈၈)
ရန်ကုန်	(၇၈၊ ၇၉)
သထုံ	(၁၊ ၂၊ ၃၊ ၅၄)
အရက်သည်မရွာ	(တောင်ဇွန်းနယ်၊ သထုံခရိုင်) (၅၃)

mgyoe.com

mgyoe.com
SAMPLE BOOK

အသုတ် (ပုသိမ်ခရိုင်) (၁၀၄)
အလူးရှာ (တောင်ငူစွန်းနယ်၊ သထုံခရိုင်) (၅၂)

တို့ ဖြစ်ပါသည်။ ယင်းသို့ တွေ့ရှိကြရသော ကျောက်စာတို့မှာ အရေအတွက်အားဖြင့် အစုစု ၁၁၉ မျက်နှာ ရှိသည်တွင် မွန်တို့၏ မူလ ဒေသ မဟုတ်သော ပုဂံ၌ ၄၈ မျက်နှာမျှ တွေ့ရှိနေသည်ကို ထူးခြားချက် တစ်ခုအနေဖြင့် ပြောပြလိုပါသည်။ တစ်နည်းပြောရလျှင် တွေ့ရှိရသမျှ ရှေး မွန်ကျောက်စာတို့၏ ငါးချိုး နှစ်ချိုးသည် မွန်ဒေသ၏အပြင်၌ တွေ့ နေရသည်ဟု ဆိုရပါမည်။ အချိန်ကာလအရ ပိုင်း၍ ဒေသခွဲကြည့်မည် ဆိုလျှင် ထို့ထက်ပင် အံ့သြရပေမည်။ ခရစ် တစ်ဆယ့်နှစ်ရာစု နှစ်ဦး အထိ တွေ့ရသော ခေတ်ဟောင်း မွန်ကျောက်စာဟူ၍ ၆၀ ရှိသည်မှ ၄၇ ခုကို ပုဂံ၌ တွေ့ရ၏။ သို့သော် ခေတ်လယ် မွန်ကျောက်စာပိုင်းသို့ ရောက်သောအခါ အစုစု ၅၉ ခုတွင် ပုဂံ၌ တစ်ခုသာ တွေ့ရပါတော့သည်။ ယင်းအချက် တစ်ချက်မျှပင်လျှင် ယဉ်ကျေးမှုသြဇာ၏ အတက်အသက် သမိုင်းကို အကဲဖြတ်နိုင်လောက်စရာ ရှိပါသည်။ စင်စစ်အားဖြင့် ခရစ် တစ်ဆယ့်တစ်ရာစု နှစ်များက မွန်ကျောက်စာကို မွန်ဒေသစစ်စစ်ဖြစ် သော အောက်မြန်မာနိုင်ငံ၌ နှိုင်းယှဉ်ချက်အရ အလွန့်အလွန် အတွေ့ရ နည်းနေခြင်းမှာ အလွယ်ဖြင့် တွေးတောကြံဆ၍ မရနိုင်သော အကြောင်း ခြင်းရာတစ်ခုပင် ဖြစ်တော့သည်။

မွန်ကျောက်စာတို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုသူမှာ ဗလက်ဂဒန်[၁]၊ ဒူရွိုင်ဆယ်[၂] နှင့် ဦးမြတို့ ဖြစ်ပါသည်။ မြန်မာဘာသာသို့ ပြန်ဆိုသူ များမှာ ဦးဖေမောင်တင်၊ ဦးလူဖေဝင်းနှင့် ဦးချစ်သိန်းတို့ ဖြစ်ပါသည်။ ယခုစာတမ်း၌ ဤပုဂ္ဂိုလ်တို့၏ ဘာသာပြန်များကို အများဆုံး သုံးစွဲခြင်း ပြုပါသည်။ ထိုဘာသာပြန်တို့ ရှိသဖြင့်သာ ယခုစာတမ်းကို ရေးသား နိုင်ခြင်း ဖြစ်ပါသည်။ ရှေး မွန်ကျောက်စာတို့ကို အက္ခရာပီပြင်အောင် ကြံစည် ဖတ်ယူခြင်းနှင့် အနက်ပြန်ခြင်းတို့ကို စတင် ကြိုးစား ဆောင် ရွက်သူမှာ ဗလက်ဂဒန်ပင် ဖြစ်ကြောင်း အများသိပြီး ဖြစ်ပါသည်။ ယခု စာတမ်းမှာ ယခင် ဒုတိယအကြိမ်မြောက် ၁၉၆၇ ခု၊ သုတေသန ကွန်ဖရင့်

mgyoe.com

mgyoe.com
SAMPLE BOOK

၌ ကျွန်တော် ဖတ်ခဲ့သော 'အဝခေတ် ကျောက်စာပါ သမိုင်းအထောက် အထားများ'ကို ဖြည့်စွက်ခြင်း ဖြစ်ပါသည်။

ရှေး မွန်ကျောက်စာပါ ရက်စွဲနှင့် အဖြစ်အပျက်များကို အစဦးစွာ ဖော်ပြလိုပါသည်။ ယင်းသို့ ဖော်ပြရာ၌ ကျောက်စာရေးထိုးသည့် ခေတ် နှင့် သက်ဆိုင်သော ရက်စွဲဖြစ်ရပ်တို့ကို လေးစားယုံကြည်ခြင်း ရှိနိုင် သော်လည်း (ပုံစံ – ခရစ် တစ်ဆယ့်တစ်ရာစုနှစ် ရောက်ခါမှ ယခင် အနှစ်တစ်ထောင့်ခြောက်ရာကျော်က ဂေါတမဘုရား သက်တော်ထင်ရှား ရှိစဉ် မြန်မာနိုင်ငံဘက်သို့ ဒေသစာရီဖြန့်လျက် ဤအရပ်၌ ဤမည်သော ဗျာဒိတ်စကားကို မြွက်ကြားခဲ့သည်ဟု ဖော်ပြခြင်း၊ ထို့အတူ ခရစ် တစ် ဆယ့်ငါးရာစုနှစ်သို့ ရောက်ခါမှ ပိဋကတ်သုံးပုံကို လိုသဖြင့် စစ်ပြုလျက် သထုံသာသနာကို ပုဂံသို့ ပင့်ဆောင်ခြင်း စသည်တို့ကို) သတိဖြင့် ချင့် ချိန်လျက် ယူသင့်မှ ယူရချေမည်။ ထို့အတူ အနီးဝန်းကျင်ကို ခွာလျက် ပင်လယ်ရပ်ခြားမှ ဖြစ်ရပ်တို့ကို ဖော်ပြသောအခါ ထိုနိုင်ငံတို့၏ မူလ အထောက်အထားတို့ဖြင့် ချိန်ထိုးလျက် စစ်ဆေးရန် အမှန် လိုအပ်ပေ မည်။ သို့သော် ကျောက်စာပါ ရက်စွဲဖြစ်စဉ်ကို တွေ့သည့်အတိုင်း ယခု ဖော်ပြပါမည်။

၅၈၁ ဘီစီ။	ဂေါတမ သထုံသို့ ကြွလာ (*မွန်ချုပ်*၊ ၈၇၊ ၈၉၊ ၉၂၊ ၉၈)
၅၄၄ ဘီစီ။	ဂေါတမ ပရိနိဗ္ဗာန်ဝင်။ (*မွန်ချုပ်*၊ ၅၁၊ ၉၆)
၃၂၆ ဘီစီ။	အသောက မင်းဖြစ်။ (*ကလျာ*၊ ၄၉)
၃၂၂ ဘီစီ။	အသောက ဗုဒ္ဓသာသနာဝင် ဖြစ်ကာ သာသနာ ပြုတော့မည်ဟု လုပ်ငန်းစ (*ကလျာ* ၄၉၊ ၅၀–၁)
၃၀၈ ဘီစီ။	တတိယ သင်္ဂါယနာတင် (*ကလျာ*၊ ၅၀) သုဝဏ္ဏဘူမိသို့ သောဏနှင့် ဥတ္တရမထေရ် တို့ သာသနာပြုရောက် (*ကလျာ* ၆၇၊

mgyoe.com

mgyoe.com SAMPLE BOOK

မွန်ချုပ် ၇၉၊ ၈၈၊ ၉၀၊ ၉၁၊ ၉၂၊ ၉၃၊ ၉၅၊ ၉၇)

၉၀ ဘီစီ။ သီဟိုဠ်တွင် သန့်စင်သော မဟာဝိဟာရ ဂိုဏ်းဟူ၍ သံဃာတစ်ဂိုဏ်းတည်း ရှိနေရာမှ အဘယဝိဟာရဂိုဏ်းဟူ၍ ဂိုဏ်း သစ်တိုး (*ကလျာ* ၆၇)

အေဒီ ၂၆၇။ သီဟိုဠ်တွင် နောက်ထပ် ဇေတဝနဝိဟာရ ဂိုဏ်းဟူ၍ တတိယဂိုဏ်း ပေါ် (*ကလျာ* ၆၈)

၁၀၅၇။ သထုံမင်း မနောဟောရိကို ပုဂံမင်း အနုရုဒ္ဓက ရန်စစ်ပြုလျက် အညာသို့ သာသနာ ဆောင်ကြဉ်း (*ကလျာ* ၅၂)

၁၀၈၄။ ပုဂံမှာ ထိလိုင်မင်းသည် ဂြိတြိဘုဝနာဒိတျ ဓမ္မရာဇာဘွဲ့နှင့် မင်းဖြစ် (*မွန်ချုပ်* ၂၀၊ ၅၆၊ ၅၆)

၁၀၈၆။ ထိလိုင်မင် ဘိသိက်ခံ (*မွန်ချုပ်* ၈၊ ၉၊ ၄၆၊ ၅၁၊ ၅၃)

၂၉ ဇူလိုင် ၁၀၉၃။ ထိလိုင်မင်က အဖ နေနတ်၊ အမိ ဝါးတွင်း သန္ဓေစွဲသူဟု မျိုးရိုးကြေညာသည့် ပြန်တမ်း အမိန့်တော် ထုတ် (*မွန်ချုပ်* ၄၅၊ ၄၆)

၁၅ ဧပြီ ၁၀၉၈။ သထုံ ကျိုက်တဲဘုရားနှင့် ကျိုက်တလန် ဘုရားများ ပြင်ပြီး

၄ နိုဝင်ဘာ ၁၁၀၁။ ထိလိုင်မင်က နန်းသစ် တည်ဆောက်လိုသဖြင့် ပြင်ဆင်ခြင်း၏ အစဖြစ်သော ရေစင်ရေကောင်းရရန် အခမ်းအနား ခင်းကျင်းလျက် မြစ်သို့ ရေခပ်ဆင်းခြင်း (*မွန် ချုပ်* ၂၆)

mgyoe.com

mgyoe.com
SAMPLE BOOK

၅ နိုဝင်ဘာ ၁၁၀၁။ ပုဂံ နန်းသစ်ဆောက်ရာတွင် သုံးစွဲရန် အသင့်စုပုံထားသော လက်နက်ကိရိယာတို့ ဆေးကြော (မွန်ချုပ် ၂၇)

၂၅ ဇန်နဝါရီ ၁၁၀၂။ ပုဂံ နန်းသစ်အတွက် ရောက်လာသည့် တိုင်တို့ကို ဆေးကြော (မွန်ချုပ် ၂၇)

၂၃ ဖေဖော်ဝါရီ ၁၁၀၂။ ပုဂံ နန်းသစ်အတွက် ပန္နက်ရိုက် (မွန်ချုပ် ၂၈)

၂၄ ဖေဖော်ဝါရီ ၁၁၀၂။ ပုဂံ နန်းသစ်အတွက် ဗိဿနိုးနတ်မင်းကို ပူဇော် (မွန်ချုပ် ၂၈)

၂၈ ဖေဖော်ဝါရီ ၁၁၀၂။ နန်းသစ် သီဟာသနပလ္လင်နေရာကို ဆေးကြော (မွန်ချုပ် ၂၉)

၂ မတ် ၁၁၀၂။ ရှင်အရဟံ ခေါင်းဆောင်ပြီး နန်းသစ်ရာမှာ ပရိတ်ရွတ် (မွန်ချုပ် ၂၉)

၂ မတ် ၁၁၀၂။ နန်းသစ်အတွက် နဂါးမင်းကို ပသ (မွန်ချုပ် ၃၁)

၃ မတ် ၁၁၀၂။ နန်းသစ် တိုင်များအတွက် အောက်ခံခုံအဖြစ် ကျောက်ပြားများချ (မွန်ချုပ် ၃၂)

၅ မတ် ၁၁၀၂။ နန်းသစ်၏ ဥရူတိုင်ကို ရွှေရည်လိမ်း (မွန်ချုပ် ၃၂)

၇ မတ် ၁၁၀၂။ ဥရူတိုင်ထူ၊ နန်းရာဝန်းကျင်မှာ ရွှေငွေကြေးပြားများ မြှုပ်။ မင်းကိုယ်တိုင် အခမ်းအနားဖြင့် လာရောက်ပြီးနောက် နန်းသစ်ကို ဖေယဘုမ်ဟု သမုတ် (မွန်ချုပ် ၃၃၊ ၃၄)

၈ မတ် ၁၁၀၂။ ဥရူတိုင် လေးဖက်မှာ ရတနာအပြည့် ပါသော ကြေးအိုးလေးလုံးမြှုပ်၊ ရဟန်းတော်တွေ ပရိတ်ရွတ် (မွန်ချုပ် ၃၅)

၁၂ မတ် ၁၁၀၂။ ဆောင်မကြီး၏ ကျန်တိုင်များ ထူ (မွန်

mgyoe.com

mgyoe.com
SAMPLE BOOK

ချုပ် ၃၆)

၁၃ မတ် ၁၁၀၂။ လှေကားအိမ်များအတွက် တိုင်စိုက် (မှန်ချုပ် ၃၆)

၂ ဧပြီ ၁၁၀၂။ တံခါးပေါက်များ စလုပ် (မှန်ချုပ် ၃၇)

၇ ဧပြီ ၁၁၀၂။ တိုင်များတွင် ထုပ်လျှိုရန် အပေါက်များ စဖောက် (မှန်ချုပ် ၃၇)

၉ ဧပြီ ၁၁၀၂။ တံခါးခုံများ စလုပ်၊ ဘောင်တိုင်များ ထူ။ လှေကားများတပ်ရန် ပြင်ဆင် (မှန်ချုပ် ၃၇)

၁၁ ဧပြီ ၁၁၀၂။ လှေကားများ တပ် (မှန်ချုပ် ၃၇)

၁၆ ဧပြီ ၁၁၀၂။ ခေါစာချ (မှန်ချုပ် ၃၇)

၂၅ ဧပြီ ၁၁၀၂။ ပြာသာဒ် စတင် (မှန်ချုပ် ၃၈)

၆ မေ ၁၁၀၂။ တံခါးပေါက်များ၌ ပူဇော်ပွဲပြင် (မှန်ချုပ် ၃၈)

၉ မေ ၁၁၀၂။ သီဟာသနပလ္လင်ဆောင်ဝယ် လှပ တင့်တယ်စေရန် ပန်းချီပန်းပုများ ဆင်ယင်။ သီရိနတ်သမီးကို ပူဇော် (မှန်ချုပ် ၃၈–၄၀)

၁၁၀၂။ ထိလိုင်မင် သေမတတ် နာ (မှန်ချုပ် ၅၆။ ၅၇)

၁၁၆၄။ သီဟိုဠ်တွင် သာသနာ သန့်စင်အောင် သင်္ဃဗောဓိပရက္ကမ ဗာဟုမင်းက မဟာဝိဟာရဂိုဏ်း တစ်ခုတည်းကို အားပေးလျက် ကျန်ဂိုဏ်းများကို နှိမ်နင်း (ကလျာ ၆၈)

၁၁၇၀။ ပုဂံမှ ဥတ္တရာဇီဝမထေရ် သီဟိုဠ်ကျွန်းသို့ ကြွ။ ဆပဋ္ဌသာမဏေလည်း ပါ (ကလျာ ၅၂)

mgyoe.com

mgyoe.com
SAMPLE BOOK

၁၁၈၁။	ဆပဋ္ဌသာမဏေမှ ဆပဋ္ဌမထေရ် ဖြစ်လာသည့် ဆရာတော်သည် အပေါင်းပါ မထေရ်လေးပါးတို့နှင့် သီဟိုဠ်မှ ပုဂံသို့ ကူးလာ (*ကလျာ* ၅၃–၄)
၁၂၄၅။	ဆပဋ္ဌမထေရ်နှင့်အတူ ကြွလာသော အာနန္ဒာမထေရ် ပုဂံ၌ အနှစ် ငါးဆယ့်လေးနှစ်နေပြီးနောက် ပျံလွန် (*ကလျာ* ၅၆)
၁၄၃၆။	ရာမရာဇဓိရာဇ်ဘွဲ့ခံ ဗညားရံ (၁၄၂၆–၄၆) မင်းက ရွှေတိဂုံဘုရားကို ပြုပြင် (*မွန်ချုပ်* ၈၀)
၁၀ အောက်တိုဘာ ၁၄၄၂။	သီဝက သူကြွယ် တည်ထားသော ကျိုက်လတ်မြို့ ထလုဘုရား ဌာပနာတိုက် ပိတ် (*မွန်ချုပ်* ၅၉)
၂၅ စက်တင်ဘာ ၁၄၅၅။	ဗညားထောဘွဲ့ခံ ဘုရင်မ ရှင်စောပု (၁၄၅၃–၇၂) သည် ကျိုက်မရောဘုရား တည်ပြီးသဖြင့် ဘုရားမှာ မြေလှူ (*မွန်ချုပ်* ၆၀)
၁၄၅၇။	ဗညားထောသည် သမက်တော် ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီကို ပြည်ရေးရွာမှုစီမံရန် လွှဲ (*မွန်ချုပ်* ၆၁)
၁၄၅၈။	ရာမာဓိပတိသည် ရာမည ဒေသတွင် သာသနာသန့်စင်ရေး ဆောင်ရွက်ရန် ကြံရွယ် (*ကလျာ* ၅၉)
၁၄၆၁။	ပဲခူးတွင် ကျုံးတံတိုင်းများ ခိုင်ခံ့အောင် ကာကွယ်ရေး အစီအမံများ အစပြု (*မွန်ချုပ်* ၆၂)
၇ ပေြ ၁၄၆၂။	ရာမာဓိပတိမင်း တည်ဆောက်သော မဟာရာမဝိဟာရပြီး (*မွန်ချုပ်* ၆၂)

mgyoe.com

mgyoe.com SAMPLE BOOK

၁၄၆၉။ ဗညားထောနှင့် ရာမာဓိပတိတို့က ပျက်နေသော စေတီ ခုနစ်ဆူကို ပြင်စေ (*မွန်ချုပ်* ၆၃)

၂ ဇန်နဝါရီ ၁၄၇၀။ ပြင်ဆင်ပြီးစီးသည့် စေတီ ခုနစ်ဆူ၏ ကုသိုလ်ကို အမျှဝေ (*မွန်ချုပ်* ၆၄၊ ၆၅)

[၁၄၇၂။ ရာမာဓိပတိ (၁၄၇၂–၉၂) မင်းအဖြစ် ဆက်ခံ]

၁၄၇၅။ ရာမာဓိပတိသည် သာသနာကို ပြုပြင်လိုက သိမ်သမုတ်ခြင်းက စတင်ဆောင်ရွက်ရမည်ဟု သဘောပေါက်လျက် မောဂ္ဂလန်မဟာထေရ်အမှူးရှိသော သံဃာ နှစ်ဆယ့်နှစ်ပါးတို့နှင့် တိုင်ပင် (*ကလျာ* ၆၆၊ ၆၉)

၁၁ ဇန်နဝါရီ ၁၄၇၆။ ရာမာဓိပတိမင်းက ကျိုက်ပွန်ဘုရားတည်ရန် စီစဉ် (*မွန်ချုပ်* ၆၆)

၂၁ ဇန်နဝါရီ ၁၄၇၆။ သာသနာပြုပြင်ရေးအတွက် မောဂ္ဂလန်မဟာထေရ်နှင့် ရဟန်း ဆယ်ပါးသည် ရာမဒူတ သင်္ဘောစီးလျက် ယောဂမြစ်ဝမှာ သီဟိုဠ်သို့ ထွက် (*ကလျာ* ၇၂)

၂၂ ဇန်နဝါရီ ၁၄၇၆။ သာသနာပြုပြင်ရေးအတွက် သီဝလိနှင့် ရဟန်း ဆယ်ပါးသည် စိတြဒူတ သင်္ဘောစီးလျက် ယောဂမြစ်ဝမှ သီဟိုဠ်သို့ စထွက် (*ကလျာ* ၇၂)

၁၆ ဖေဖော်ဝါရီ ၁၄၇၆။ သီဝလိမထေရ်တို့ ကလမ္ဗုဆိပ် ရောက်၊ ဘုဝနကဗာဟုမင်းကို အကြောင်းကြား (*ကလျာ* ၇၂)

၂၃ ဖေဖော်ဝါရီ ၁၄၇၆။ သီဝလိမထေရ်တို့ကို ဘုဝနကဗာဟုမင်းက ကြိုယူ။ မထေရ်တို့ အနုရာဓမြို့သို့ ဘုရားဖူးရန် ဆက်လက်ထွက်ခွာ (*ကလျာ*

mgyoe.com

mgyoe.com
SAMPLE BOOK

	၇၂)
၃ မတ် ၁၄၇၆။	မောဂ္ဂလန်မထေရ်နှင့် ရဟန်း ဆယ်ပါးတို့စီးသော သင်္ဘောသည် လေလှိုင်းမိ၍ ဆင်းရဲငြိုငြင်စွာဖြင့် ဝလ္လိရာဆိပ်တွင် ဆိုက်၊ ဂေါရစီ ခေါင်းဆောင်သည့် သူပုန်တို့ သောင်းကျန်းသောဒေသ ဖြစ်ခြင်းကြောင့် ခရီးမဆက်ဝံ့သဖြင့် ခေတ္တ ဆိုင်းငံ့နေရ (*ကလျာ* ၇၃)
၆ မတ် ၁၄၇၆။	ကျိုက်ပွန်ဘုရားတည်ခြင်း စ (*မွန်ချုပ်* ၆၆)
၇ ဧပြီ ၁၄၇၆။	မောဂ္ဂလန်အဖွဲ့ ခရီးဆက် (*ကလျာ* ၇၃)
၁၃ ဧပြီ ၁၄၇၆။	မောဂ္ဂလန်အဖွဲ့ ဇယဝဍ္ဎမြို့ ရောက်။ ဘုဝနကဗာဟုက ကြိုယူ (*ကလျာ* ၇၃)
၆ ဇူလိုင် ၁၄၇၆။	သီဝလိအဖွဲ့နှင့် မောဂ္ဂလန်အဖွဲ့ ပူးပေါင်းမိပြီဖြစ်သောကြောင့် စွယ်တော်ကို ဖူးမြော်ရန် တိုက်ဖွင့်ပေး (*ကလျာ* ၇၃)
၁၆ ဇူလိုင် ၁၄၇၆။	ရာမညလာ ရဟန်းတို့ကို လူဝတ်လဲ၍ သာမဏေဝတ်စေပြီးမှ မထေရ်ငါးပါးကို ဦးစွာ ရဟန်းခံ၍ပေး (*ကလျာ* ၇၄)
၁၇ ဇူလိုင် ၁၄၇၆။	နောက်ထပ် ဆယ်ပါး ရဟန်းခံ (*ကလျာ* ၇၅)
၁၈ ဇူလိုင် ၁၄၇၆။	နောက်ထပ် ခုနစ်ပါး ရဟန်းခံ (*ကလျာ* ၇၅)
၁၉ ဇူလိုင် ၁၄၇၆။	မူလ ဆရာတော် နှစ်ဆယ့်နှစ်ပါးတို့၏ တပည့် နှစ်ဆယ့်နှစ်ဦးတို့ ရဟန်းခံ (*ကလျာ* ၇၅)
၃ စက်တင်ဘာ ၁၄၇၆။	သီဟိုဠ်မှ ပြန်ခဲ့သည့် မောဂ္ဂလန်အဖွဲ့ ယောဂမြစ်ဝသို့ ဝင်၊ တဂုံမှာ ခေတ္တနားရန်

mgyoe.com

mgyoe.com
SAMPLE BOOK

	ရာမာဓိပတိက စီမံ (*ကလျာ* ၇၇)
၃၀ စက်တင်ဘာ ၁၄၇၆။	တဂုံသို့ ရောက်နှင့်ပြီးသော သီဟိုဠ်ပြန် မောဂ္ဂလန်အဖွဲ့ကို ရာမာဓိပတိက ရွှေတိဂုံ ကုန်းသို့ ပင့်၍ ဆွမ်းကပ် (*ကလျာ* ၈၀)
၂ အောက်တိုဘာ ၁၄၇၆။	အချိန် သုံးထောင်ရှိ ခေါင်းလောင်းကြီးကို ရွှေတိဂုံမှာ ရာမာဓိပတိက ဆွဲလှူ (*ကလျာ* ၇၇၊ ၈၀)
၃ အောက်တိုဘာ ၁၄၇၆။	တဂုံရှိ သံဃာကုန်ကို ရာမာဓိပတိက ဆွမ်းကပ် (*ကလျာ* ၈၀)
၆ အောက်တိုဘာ ၁၄၇၆။	ရာမာဓိပတိ တဂုံမှ ပဲခူးသို့ပြန် (*ကလျာ* ၈၀)
၁၀ အောက်တိုဘာ ၁၄၇၆။	ရာမာဓိပတိ ပဲခူးသို့ရောက် (*ကလျာ* ၈၀)
၁၂ အောက်တိုဘာ ၁၄၇၆။	သီဟိုဠ်ပြန် မထေရ်တို့ ပဲခူးသို့ ရောက်လာသည်ကို မင်းက ကြိုယူ (*ကလျာ* ၈၀)
၂၂ နိုဝင်ဘာ ၁၄၇၆။	သီဟိုဠ်ပြန် မထေရ်တို့နှင့် တိုင်ပင်လျက် သိမ်သစ်သမုတ်ရမည့်နေရာကို ရွေးချယ်ရာ နရသူရအမတ်၏ ကွမ်းသီးခြံအနီးရှိ မြေကွက်ကို တွေ့ရှိ၍ အကြိုက်ညီသဖြင့် ထိုနေရာ၌ သိမ်သမုတ်ရန် ပြင်ဆင် (*ကလျာ* ၈၄)
၂၃ နိုဝင်ဘာ ၁၄၇၆။	သိမ်သစ်သမုတ်၍ ကလျာဏီသိမ်ဟု အမည်ပေး (*ကလျာ* ၈၄၊ ၉၄၊ ၉၈)
၂၄ နိုဝင်ဘာ ၁၄၇၆။	သိမ်သစ်မှာ ရဟန်းခံမည့်သူများကို သုဝဏ္ဏသောဘဏ မထေရ်က ဥပဇ္ဈာယ်ပြု၍ အကြိမ်ကြိမ် ရဟန်းခံပွဲများ စလုပ်၊ ရဟန်းခံပွဲများမှာ အစုစု သုံးနှစ်ကြာ၊ ရဟန်းကြီး အပါး ၈၀၀၊ ရဟန်းငယ် ၁၄၂၆၅ ပါး ရဟန်းခံပြီး (*ကလျာ* ၈၈၊ ၉၂) သာသနာ

mgyoe.com

mgyoe.com SAMPLE BOOK

ပြုပြင်ရေး အကြံအစည်မှာ နှောင် တစ်ဆယ့်ရှစ်နှစ်ကြာမှ အောင်မြင်။

၂၇ နိုဝင်ဘာ ၁၄၇၆။ ရာမညဒေသ ဝန်းကျင် နေရာများစွာ၌ သိမ်သစ်များ သမုတ်ရန် လုပ်ငန်းစ (*ကလျာ* ၉၅)

၃၀ နိုဝင်ဘာ ၁၄၇၆။ ရဟန်းသစ် ၂၄၅ ပါးကို ရာမာဓိပတိက ဆွမ်းကျွေး။ နှောင်အခါ ရဟန်းသစ်ကို လက်ခံသောအခါ မည်သို့သော သဘောများ ပြည့်စုံပါစေဟု မင်းက သံဃာအပေါင်းအား ပန်ကြား (*ကလျာ* ၈၉)

၁၅ ပြေ ၁၄၇၇။ သီဟိုဠ်မင်း ဘုဝနကဗာဟု၏ အပြန်လက်ဆောင်ကို စောင့်ကြို့ယူနေရသော စိတြဒူတသင်္ဘော်စီး သီဝလိမထေရ် ခေါင်းဆောင်သော အဖွဲ့သည် သင်္ဘော်ထွက်စ မုန်တိုင်းမိ၍ သင်္ဘော်ပျက်၍ ဖောင်ဖြင့် တောင်အိန္ဒိယရှိ နာဂပဋ္ဋဆိပ်သို့ ရောက်။ ထိုဆိပ်မှ ပြန်လည် ထွက်ခွာသောအခါ တပေါင်းတည်း သင်္ဘော်နေရာမရသဖြင့် အကွဲကွဲ စီးရ (*ကလျာ* ၇၉)

၂၄ ပြေ ၁၄၇၇။ တစ်ပါးတည်း ထွက်လာသော စူဠဘယတိဿမထေရ် နာဂရာဇ်ဝရောက် (*ကလျာ* ၇၉)

၈ မေ ၁၄၇၇။ သီဟိုဠ်ပြန် မထေရ်သုံးပါး နာဂရာဇ်ဝရောက် (*ကလျာ* ၇၉)

၁၂ မေ ၁၄၇၇။ အဆိုပါ မထေရ်သုံးပါး ကုသိမ် (ပုသိမ်) ရောက် (*ကလျာ* ၇၉)

၁၅ မေ ၁၄၇၇။ စူဠဘယတိဿ ကုသိမ်ရောက် (*ကလျာ* ၇၉)

mgyoe.com

mgyoe.com SAMPLE BOOK

၂၂ ဇွန် ၁၉၇၇။	မထေရ်လေးပါး ပေါင်းလျက် ပဲခူးရောက် (ကလျာ ၇၉)
၂၃ ဩဂုတ် ၁၉၇၇။	ကလျာဏီစေတီ ဌာပနာ၍ ကလျာဏီ ဗောဓိပင်စိုက် (ကလျာ ၉၉)
၈ ဇူလိုင် ၁၉၇၉။	ရာမာဓိပတိက သမီးတော် တလမေဝန္ဒ ဝတီနှင့် သမက်တော် ... မြို့စား ... တို့ ကို ပဲခူး နဟာနစေတီ တည်ခိုင်း (မွန်ချုပ် ၇၃)၊ သမီးတော်နှင့် သမက်တော် ဒလ မြို့စား ... တို့ကို ပဲခူး ဘူမိစက်မနစေတီ တည်ခိုင်း (မွန်ချုပ် ၇၃)၊ သမီးတော် တလမကြီးနှင့် သမက်တော် စမြင်မြို့စား ... တို့ကို ပဲခူး ဒိဝါဝိဟာရစေတီ တည် ခိုင်း (မွန်ချုပ် ၇၄)
	ပဲခူးစား ယောဂရာဇ်ကို ပဲခူး မုစလိန္ဒာ စေတီ တည်ခိုင်း (မွန်ချုပ် ၇၄)
	သမီးတော် တလသင်ဇာနှင့် သမက်တော် သန်လျင်မြို့စား သမိန်ဝါရန်တို့ကို ပဲခူး သုပ္ပတိဋ္ဌစေတီ တည်ခိုင်း (မွန်ချုပ် ၇၁)
	မြိုင်မြို့စား အဲဂံဗိန်ကို ပဲခူး ဉပက သမာ ဂမစေတီ တည်ခိုင်း (မွန်ချုပ် ၇၅)
	ဘုရားပွင့်ရာ ဗုဒ္ဓဂါယာရှိ အထိမ်းအမှတ် နေရာ များစွာ၏ အတိုင်းအတာများနှင့် ကိုက်ညီစေလျက် ပဲခူးတွင် အလားတူ အထိမ်းအမှတ်နေရာများကို သတ်မှတ်ပေး (မွန်ချုပ် ၇၅–၆)၊ သားတော် မဟာရာဇ ဒေဝကို ပဲခူး အဇပါလစေတီ တည်ခိုင်း (မွန်ချုပ် ၇၁)
၁၅ စက်တင်ဘာ ၁၉၇၉။	သီဟိုဠ်မှ ပြန်လာသော ရဟန်းအချို့

mgyoe.com

mgyoe.com SAMPLE BOOK

	သင်္ဘောပျက်၍ တောင်အိန္ဒိယသို့ ရောက်ရှိနေကြပြီးမှ မင်္ဂလမထေရ်နှင့် ရဟန်း ငါးပါးတို့ ကောမလဆိပ်မှ ရာမညသို့ ထွက် (*ကလျာ ၇၉*)
၁၅ အောက်တိုဘာ ၁၄၇၉။	မင်္ဂလမထေရ်တို့စီးသော သင်္ဘော နာဂ ရာဇ်ဝရောက် (*ကလျာ ၇၉*)
၂၅ အောက်တိုဘာ ၁၄၇၉။	မင်္ဂလမထေရ် တစ်ပါးသာ ကုသိမ်ရောက်၊ ကျန်ငါးပါး လမ်းမှာ လွန် (*ကလျာ ၈၀*)
၂၈ အောက်တိုဘာ ၁၄၇၉။	မင်္ဂလမထေရ် ပဲခူးရောက် (*ကလျာ ၈၀*)
၂၄ ဖေဖော်ဝါရီ ၁၄၈၀။	ရာမာဓိပတိ ရဟန်းဒကာခံသည့် ကလျာ ဏီသိမ်၌ ရဟန်း ၆၀၀ ရဟန်းခံပွဲ စ (*ကလျာ ၁၀၂၊ ၁၀၄*)
၂၈ ဖေဖော်ဝါရီ ၁၄၈၀။	ရဟန်း ၆၀၀ ရဟန်းခံပွဲပြီး (*ကလျာ ၁၀၄*)
၂၉ ဖေဖော်ဝါရီ ၁၄၈၀။	ရဟန်းသစ်တို့ကို ဆွမ်းကျွေး၊ အထူးထူး သော လှူဖွယ်ပစ္စည်းတို့ကို ပေးလှူ (*ကလျာ ၁၀၄*)
[၁၄၉၂။	ဗညားရံ (၁၄၉၂–၁၅၂၆) မင်းဖြစ်]
၂၃ နိုဝင်ဘာ ၁၄၉၃။	မုတ္တမ ကျိုက်ဖျင်ဘုရားတွင် ဆွဲလှူရန် သမိန်လဝွန်းဗြဲက ခေါင်းလောင်းသွန်း (*မွန်ချုပ် ၁၀၀*)
၁၇ အောက်တိုဘာ ၁၅၀၄။	ဗညားရံ (၁၄၉၂–၁၅၂၆) လက်ထက် မွန် တို့ဒေသ တစ်ခုလုံး၏ စစ်သေနာပတိ သီရိမနောရာဇာနှင့် မယား သီရိသုဝဏ္ဏ ဝတီတို့ ဓာတ်တော်ဌာပနာ၍ စေတီ တည် ကြောင်း ကြေးပြားမှာ မှတ်တမ်းတင် (တည်သောစေတီ နေရာမသိ၊ ကြေးပြား မှာ ယခု ဗန်ကောက်ပြတိုက် ရှိ) (*မွန်ချုပ် ၁၀၀*)

mgyoe.com

mgyoe.com SAMPLE BOOK

၁၄ ဇွန် ၁၅၂၄။	မ်သုံ၏ ပုသိမ် ရေကြည်ရေနောက်ဘုရားမှာ ကျုံပျော်ရွာသား၊ သမြင်းကုန်းရွာသားနှင့် သာပေါင်းရွာသားတို့ စု၍ ကြေးဆင်းတု နှစ်ဆူ ဌာပနာသည် (*မွန်ချုပ်* ၁၀၁)
၁၅၂၆။	တကာရွက်ပိ (၁၅၂၆–၃၉) မင်းဖြစ်။
၁၅၂၇။	မော်လမြိုင် ကျိုက်သန်လန်ဘုရား၏ ခေါင်းလောင်းဒကာ သိင်္ဂသူရသည် မော်လမြိုင်မြို့စားဟောင်း ခေမာဝ သေလွန်သဖြင့် မြို့စားနေရာကို ဆက်ခံရသူ ဖြစ်သည်။ (*ကလျာ* ၁၀၂)
၁၉ စက်တင်ဘာ ၁၅၃၃။	ပုသိမ် ကန်သုံးဆင့်၌ ကုသိုလ်ကောင်းမှုများစွာ ပြုသည် (*မွန်ချုပ်* ၁၀၄)
၄ အောက်တိုဘာ ၁၅၃၃။	ပုသိမ် ကန်သုံးဆင့်၌ နောက်ထပ် ကောင်းမှုများ ပြု (*ကလျာ* ၁၀၄)
၂၃ နိုဝင်ဘာ ၁၅၃၃။	မော်လမြိုင်မြို့စား သင်္ဂသူရသည် ကျိုက်သန်လန်ဘုရားမှာ ကြေးခေါင်းလောင်း ဆွဲလှူ (*မွန်ချုပ်* ၁၀၁)
၁၀ ဧပြီ ၁၅၄၁။	ပုသိမ် ရွှေမုဋ္ဌောဘုရားတွင် ဂုနာမင်း၏ အလှူတော်ဖြစ်သော မြေနှင့် ကျွန်စာရင်းကို ကျောက်စာမှတ်တမ်းတင် (*မွန်ချုပ်* ၁၀၄)
၁၂ ဧပြီ ၁၅၄၁။	ဂုနာမင်းက ပုသိမ် ရွှေမုဋ္ဌောဘုရားကို လှူသောမြေ၏ အပိုင်းအခြားကို သတ်မှတ် (*မွန်ချုပ်* ၁၀၄)
[၁၅၄၈။	ဂုနာမင်း၏အလှူများ ရေစက်ချ အမျှဝေ (*မွန်ချုပ်* ၁၀၅)]
၁၁ ဇန်နဝါရီ ၁၅၅၁။	ဟံသာဝတီ ဆင်ဖြူရှင်ဟု ကျော်ကြားသည့် သိရိပရဝ မဟာဓမ္မရာဇဓိရာဇ

mgyoe.com

mgyoe.com SAMPLE BOOK

	တောင်ငူကို အောင် (မွန်ချူပ် ၁၀၆)
၃၀ ဩဂုတ် ၁၅၅၁။	ဆင်ဖြူရှင် ပြည်မြို့ကို အောင် (မွန်ချူပ် ၁၀၆)
၁၂ မတ် ၁၅၅၂။	ဆင်ဖြူရှင် ဟံသာဝတီကို အောင် (မွန်ချူပ် ၁၀၆)
၁၂ ဇန်နဝါရီ ၁၅၅၄။	ဆင်ဖြူရှင် ဘိသိက်ခံ (မွန်ချူပ် ၁၀၆)
၂၂ ဇန်နဝါရီ ၁၅၅၅။	ဆင်ဖြူရှင် အဝကို အောင် (မွန်ချူပ် ၁၀၆)
၉ နိုဝင်ဘာ ၁၅၅၆။	ဆင်ဖြူရှင် သျှမ်းအပေါင်းကို သိမ်းသွင်းရန် အညာဆန် (မွန်ချူပ် ၁၀၇)
၈ ဇန်နဝါရီ ၁၅၅၇။	အဝမှ ဆက်၍ အညာဆန် (မွန်ချူပ် ၁၀၇)
၁၀ ဇန်နဝါရီ ၁၅၅၇။	ဆင်ဖြူရှင် မိုးမိတ်၊ သီပေါနှင့် ပတ္တမြားတွင်းကို အောင် (မွန်ချူပ် ၁၀၇)
၈ ဖေဖော်ဝါရီ ၁၅၅၇။	ဆင်ဖြူရှင် မိုးမိတ် အနောက်မြောက်ထောင့်မှာ ဘုရားတည် (မွန်ချူပ် ၁၀၇)
၁၀ ဖေဖော်ဝါရီ ၁၅၅၇။	ဆင်ဖြူရှင် သီပေါတွင် စေတီတစ်ဆူတည်၊ မိုးမိတ်မှာ စော်ဘွားကြီး၏ မြေးကို စော်ဘွားတင်။ သီပေါမှာ သုံးဆယ်မင်းသားကို စော်ဘွားတင် (မွန်ချူပ် ၁၀၇)
၁၇ ဖေဖော်ဝါရီ ၁၅၅၇။	ဆင်ဖြူရှင် မိုးမိတ်က ဆက်ချီ (မွန်ချူပ် ၁၀၇)
၂၀ ဖေဖော်ဝါရီ ၁၅၅၇။	ဆင်ဖြူရှင် ထီးချိုင့်သို့ရောက်ရန် မြစ် (၏ အနောက်ဘက်ကမ်း) ကို တံတားပစ်၍ စစ်သည်များနှင့် ကူး (မွန်ချူပ် ၁၀၇)
၂၈ ဖေဖော်ဝါရီ ၁၅၅၇။	ထီးချိုင့်မှ ဆက်ချီ (မွန်ချူပ် ၁၀၇)
၆ မတ် ၁၅၅၇။	ဆင်ဖြူရှင် မိုးညှင်းကို အောင် (မွန်ချူပ် ၁၀၈)
၂၆ မတ် ၁၅၅၇။	ဆင်ဖြူရှင် မိုးကောင်းကို အောင် (မွန်ချူပ် ၁၀၈)

mgyoe.com

mgyoe.com SAMPLE BOOK

၂ ဧပြီ ၁၅၅၇။	မိုးကောင်း မိုးညှင်းတို့ကို စော်ဘွား ဆက်လက်ခန့်၊ အရှင် သေလျှင် ကျွန်ကို သတ်၍ ထည့်လိုက်ရသောအလေ့ကို အမိန့်တော်နှင့် မြစ်တား (မှန်ချုပ် ၁၀၈)
၉ ဧပြီ ၁၅၅၇။	ဆင်ဖြူရှင် မိုးကောင်းမှ ပြန် (မှန်ချုပ် ၁၀၈)
၂၃ မေ ၁၅၅၇။	ပုဂံ ရွှေစည်းခုံမှာ ဆွဲလှူရန် ခေါင်းလောင်းကြီး သွန်း (မှန်ချုပ် ၁၀၈)
၁၇၄၆။	ဟံသာဝတီမှာ ဗညားဒလ (၁၇၄၆–၅၇) မင်းဖြစ် (မှန်ချုပ် ၁၀၉)
၂၁ ဒီဇင်ဘာ ၁၇၄၈။	ဟံသာဝတီမင်း၏ညီတော် အိမ်ရှေ့မင်းက တိုင်မ လေးဆယ်၊ အရံတိုင် ကိုးဆယ်ရှိ ပဌာန်းဇရပ် ဆောက် (မှန်ချုပ် ၁၀၉)
၉ ဧပြီ ၁၇၄၉။	အိမ်ရှေ့မင်းဇရပ်မှာ တင်ထားကိုးကွယ်ရန် ဆင်းတုတော်ကြီး နှစ်ဆူ ပြီး (မှန်ချုပ် ၁၀၉–၁၁၀)
၁၈ ဇန်နဝါရီ ၁၇၅၃။	အိမ်ရှေ့မင်းဇရပ် နံရံတို့မှာ ရုပ်အထူးထူး ဆွဲ၍ ပြီး (မှန်ချုပ် ၁၁၀)
၁၇၅၄။	ဇရပ်မှာ ပြာသာဒ်ဆောင် ထပ်၍တင် (မှန်ချုပ် ၁၁၀)
၂၉ အောက်တိုဘာ ၁၇၅၄။	ဇရပ်မှာ ကြေးခေါင်းလောင်းကြီး ဆွဲ (မှန်ချုပ် ၁၁၀)

ယင်းသို့ သက္ကရာဇ် ရက်စွဲတို့ကို စဉ်၍ ကြည့်သောအခါတွင် ကာလအပိုင်းအခြားအားဖြင့် တစ်ဆယ့်တစ်ရာစုမှ စ၍ တစ်ဆယ့်ရှစ်ရာစုအထိ အနှစ် ခုနစ်ရာရှိသည်ကို တွေ့ရသော်လည်း စင်စစ်အားဖြင့် ပုဂံ ထိလိုင် လှူ (၁၀၈၄–၁၁၁၃) ၏ ခေတ်၊ ပဲခူး ရာမာဓိပတိ (၁၄၇၂–၉၂) ၏ ခေတ်၊ ဟံသာဝတီ ဆင်ဖြူများရှင် (၁၅၅၁–၈၁) ၏ ခေတ်နှင့်

mgyoe.com

mgyoe.com SAMPLE BOOK

ဟံသာဝတီ ဗညားဒလ (၁၇၄၆–၅၇) ၏ ခေတ်ဟု ဆိုရသော မင်း လေးပါးတို့၏ ခေတ်ကိုသာ အသင့်အတင့် ပြည့်စုံအောင် ဖော်ပြနိုင်သည့် အထောက်အထားများဖြစ်ကြောင်း တွေ့ရပါသည်။ တစ်နည်းပြောရလျှင် အဆိုပါအထောက်အထားတို့ကို အမှီပြုလျက် ပုဂံ၏ တစ်ဆယ့်တစ်ရာစုနှောင်း အခြေအနေ၊ ပဲခူး၏ တစ်ဆယ့်ငါးရာစုနှစ်နှောင်း အခြေအနေ၊ ပဲခူး၏ တစ်ဆယ့်ခြောက်ရာစုလယ် အခြေအနေနှင့် ပဲခူး၏ တစ်ဆယ့်ရှစ်ရာစုလယ် အခြေအနေတို့ကို အနည်းငယ်မျှ ဖော်ထုတ်နိုင်ခြင်းသာ ရှိပါသည်။

ဦးစွာပထမ ရေးမွန်ကျောက်စာပါ တစ်ဆယ့်တစ်ရာစု၏ အကြောင်းများကို တင်ပြလိုပါသည်။ ပုဂံ၏အကြောင်းကို ပိုမိုများပြားစွာ တွေ့ရှိသည် မှန်သော်လည်း သထုံ အဝင်အပါ အောက်မြန်မာနိုင်ငံ၏ အကြောင်းကို အသင့်အတင့် ပြောနိုင်ပါသေးသည်။ သထုံ ရွှေစာရံဘုရားတွင် 'တြာပ်'[၁၅]နှင့် 'ပဏ္ဍိတ်'[၁၆]ဟု အမည်ပေးထားသော ကျောက်စာ နှစ်တိုင် ရှိပါသည်။ တစ်ဆယ့်တစ်ရာစုလယ်က ရေးထိုးခဲ့ခြင်း ဖြစ်သည်ဟု သာမညအားဖြင့် အကဲဖြတ်ကြပါသည်။ ထိုကျောက်စာတို့အရ သထုံသည် ရန်သူတို့ ပတ်လည်ဝိုင်းလျက် ရှိသော်လည်း (၁) မြို့၏ လုံခြုံရေးအတွက် ပြင်ဆင်မှုများ အဝင်အပါ တံတိုင်း၏ခိုင်ခံ့ခြင်း (၂) စီမံကွပ်ကဲသူသည် ထကြွဝီရိယရှိခြင်း၊ ရဲရင့်ခြင်း၊ ဥပါယ်တံမျဉ်ဖြင့် ပြည့်စုံခြင်းနှင့် (၃) ရန်သူကို ခုခံတိုက်ခိုက်ခြင်းဟူသော ခံစစ်မျှဖြင့် မနေမူ၍ သွားရောက်တိုက်ခိုက် ဖမ်းဆီးခြင်းဟူသော တိုက်စစ်ကိုပါ ဆင်နွှဲခြင်း စသော အချက်များကြောင့် မွန် 'သုံးနိုင်ငံ'တွင် သထုံနေရာမှာ 'ဘေးမရှိသောအရပ်'ဖြစ်ကြောင်း ဖော်ပြသည်ကို တွေ့ရ၏။ စီမံကွပ်ကဲ အုပ်ချုပ်သူမှာ မကုတ ဖြစ်၍ လက်ရုံးရည် နှလုံးရည်ပါ ပြည့်စုံသည်ဟု ယူဆရပါသည်။ ပြင်ပမှ နှောင့်ယှက်သူတို့မှာ လဝနှင့် ဂျွမ်းများဖြစ်၍ ထိုရန်သူကို အခိုက်အတန့်အားဖြင့် တားဆီးတွန်းလှန်နိုင်မည် မှန်သော်လည်း ရန်သူအစစ်မှာ အမျိုးသား စည်းလုံးညီညွတ်ခြင်း မရှိသော အချက်ပင် ဖြစ်သည်ကို သတိပြုမိကြဟန် မတူချေ။ ထို့ကြောင့် အထက်မြန်မာနိုင်ငံမှ ဆင်းလာသော ထိုးစစ်[၁၇]ကို ခုခံနိုင်ခြင်းမရှိကြောင်း နောက်

mgyoe.com